


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# သေဖို့နီးပြီလို့ သတိပေးနေပြီ
# ပြင်ဦးမှုတော်မယ်

## ရဋ္ဌပါလသူဌေးသား

(၂၄၀)

ဟောကြားသည့်နေ့
၁၂ - ၂ - ၅၅

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

# သေဖို့နီးပြီလို့ သတိပေးနေပြီ
# ပြင်ဦးမှတော်မယ်

(ရှင်ပြပါလာသူဒွေးသား)

ဟောကြားသည့်နေ့ (၁၂-၂-၅၅)

ရှာမှီးခြင်းတွေကို ပြောင်းကြဦးမှတော်မယ်လို့ ဒကာစိန်တို့ ပြောထားတယ်၊ အရိယာများကတော့ ရှာမှီးခြင်းတစ်မျိုး၊ ပုထုဇဉ်တို့က ရှာမှီးခြင်းတစ်မျိုးလို့ နှစ်မျိုးပြောခဲ့တယ်၊ ရှာတော့ ရှာကြတာပဲ ဒကာ ဒကာမတွေလည်း ရှာကြတာပဲ၊ ရှာပင်ရှာကြ ငြားသော်လည်း ရှာမှီးပုံက မတူကြဘူး (မတူပါဘူးဘုရား)။

## ရှာမှီးနည်းကိုပြောင်းကြပါဦး

အဲဒီတော့ ဒကာ ဒကာမတွေလည်း၊ ဘုန်းကြီးက ပြောချင်တယ်၊ ပြောင်းကြပါဦး၊ ရှာမှီးနည်းကို ပြောင်းကြပါဦး ဆိုတာဖြင့် ပြောချင်တယ် . . . (တင်ပ့ါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဇေတဝန် ကျောင်းတော်မှာ ဟောတော်မူတဲ့အခါမှာ ရဟန်းတွေ ရှာမှီးပုံကို မင်းတို့သည်၊ ရှာမှီးပုံပြောင်းကြဦးကွ၊ ရှာမှီးပုံပြောင်းကြဦးကွလို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆုံးမတယ်။

ဘယ်လိုဆုံးမသလဲဆိုလို့ရှိရင်ဖြင့်၊ မိမိခန္ဓာကြည့်ပြီး ရှာမှီးကြ၊ မင်းတို့ ခန္ဓာကြည့်ပြီး ရှာမှီးကြတဲ့၊ ဒကာ ဒကာမတို့။

## မိမိခန္ဓာကြည့်ပြီးရှာမှီးကြ

မိမိခန္ဓာကြည့်ပြီး ရှာမှီးကြဆိုတာ တခြားဟုတ်ပါရိုးလား ဒကာစိန်ရ. . . (တင်ပ့ါ)၊ မင်းတို့ ခန္ဓာက၊ ဘယ်ကလာခဲ့သတုံး မေးတော့ ဇာတိဒုက္ခကလာခဲ့တယ်။

အဲဒီ ဇာတိဒုက္ခကြီးနဲ့လာခဲ့ရတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ပုထုဇဉ်တွေကတော့ ကွာတဲ့၊ ဇာတိဒုက္ခ ကြီးရှိလျက်နဲ့ ဇာတိ ဒုက္ခပဲ၊ တစ်ခါရှာပြန်တယ်တဲ့။

ဇာတိ ဒုက္ခရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ ဇာတိ ဒုက္ခရှာပြန်တယ်ခံ တော့၊ အတော့ကိုပင် အကျည်းတန်နေတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ဖို့ပဲ။

## ဇာတိဒုက္ခရှိလျက်နဲ့

ဇာတိဒုက္ခဆိုတဲ့ ဆင်းရဲကြီးရှိပါလျက်သားနဲ့ နောက် တစ်ခါ ဇာတိဒုက္ခဆင်းရဲကြီးရှာတယ် ဆိုလို့ရှိရင်ဖြင့်၊ ဒကာစိန် ဆိုးတာ၊ တေတာ၊ မိုက်ရာမရောက်ပေဘူးလား. . . (ရောက်ပါ တယ်ဘုရား)။

ဘာကြောင့်တုံးဗျာ. . . (ဇာတိဒုက္ခရှိလျက်နဲ့ ဇာတိဒုက္ခ ထပ်ရှာလို့ပါဘုရား)၊ အေး ဇာတိဒုက္ခရှိလျက်နဲ့၊ ဇာတိဒုက္ခထပ်ရှာ တယ်ဆိုတဲ့ ဥစ္စာလည်း၊ အင်း ဒါသက်သက်မမြင်မှုပဲဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒကာစိန်တို့ ခန္ဓာကိုယ်ကြီးဟာ တစ်နေ့တခြား အိုခြင်း ဆိုးဆိုးလာတာကြီးရှိပါလျက်သားနဲ့၊ အအိုကြီးနောက်ထပ်ရှာလို့ ရှိရင်လည်း၊ ဒါ-ယခု အိုမှုရှိလျက်နဲ့ အိုမှုနောက်ထပ်ရှာရင်လည်း ရှာမှီးခြင်းလွဲတယ်လို့ ဆိုရမယ်။

ယခုနာမှုရှိလျက်နဲ့ ဝေဒနာ ဘယ်မှာမှမကင်းဘူး ဆေးတွေဝါးတွေနဲ့ ထောက်ပံ့ကူညီပြီး သကာလ အမြဲနေကြရ၊ အဲဒီနာမှုကြီးရှိလျက်နဲ့၊ နောက်နာမှုရှာမယ်ဆိုရင်လည်း လွဲသေး တာပဲ. . . (လွဲပါတယ်ဘုရား)။

## ပုထုဇဉ်တို့၏ ရှာမှီးခြင်း

ယခုဘဝ အသေမလွတ်သေးဘဲနဲ့ ဒကာစိန်ရေ၊ အသေ ရှာမယ် နောက်ထပ်အသေရှာမယ်၊ ဆိုရင်လည်း မလွဲပေဘူး

လား. . . (လွဲပါတယ်ဘုရား)၊ အဲဒါက ပုထုဇဉ်တို့၏ ရှာမှီးခြင်းတဲ့၊ မှတ်မိပလား. . . (မှတ်မိပါပြီဘုရား)။

ပဋိသန္ဓေနေမှုရှိလျက်နဲ့ ဘာရှာသတုံး. . . (နေမှုထပ်ရှာပါတယ်ဘုရား)၊ အိုမှုရှိလျက်နဲ့ . . . (အိုမှုထပ်ရှာပါတယ်ဘုရား)၊ နာမှုရှိလျက်နဲ့ . . . (နာမှုထပ်ရှာပါတယ်ဘုရား)၊ သေမှုရှိလျက်နဲ့ . . . (သေမှုထပ်ရှာပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြုန်းခနဲ့ ဒီလိုဘုန်းကြီးက ဟောလိုက်ဟောလိုက်၊ ဒကာ ဒကာမတွေ ဘုရားကဟောလိုက်ဟောလိုက်၊ ဘယ်ဟာ ပါလိမ့်မတုံးဆို တဲ့ဉစ္စာ မသိသေးဘူး။

အဲဒီတော့ သိရာသိကြောင်း ပြောစမ်းပါဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ မင်းတို့သည်၊ သံသရာ တည်ထောင်မှု၊ ပစ္စည်းဉစ္စာရတနာရှာမှု၊ အိမ်ထောင် သား၊ သမီးအစရှိသည်တို့ဟာပြုစုမှု၊ ပစ္စည်းဉစ္စာ ရတနာတွေကို ရရာရကြောင်း ရှာမှုတွေဟူသ၍သည်၊ ပဋိသန္ဓေနေမှုရှိလျက်နဲ့ ပဋိသန္ဓေနေမှုရှာတာ ဧကာဒီအလုပ်တွေပဲ။

## ဇာတိရှိလျက်နဲ့ ဇာတိရှာတာ

စီးပွားရှာမှုရယ် သားတွေ သမီးတွေလူလားမြောက်အောင် စောင့်ဆိုင်းပြီးသကာလ၊ ကြီးပွားရေးလုပ်ဆောင်မှုရယ်၊

ဆိုရင် လွဲမလား . . . (မလွဲပါဘုရား)၊ အဲဒါ ဘာရှာတာ တုံးဘုရားက . . . (ဇာတိရှိလျက်နဲ့ ဇာတိရှာတာပါဘုရား)။

ဟုတ်တယ်၊ ဟုတ်တယ်၊ ဇာတိရှိလျက်နဲ့ ဇာတိရှာတာပဲ၊ အဘယ်ကြောင့်ဆိုသော်၊ သားသမီးတို့နဲ့တကွ ပစ္စည်းဥစ္စာ ရတနာရှာတယ်ဆိုတာ ခင်မှုရှိလို့။

သူတို့မခင်လို့ရှိရင်လည်း သူတို့အတွက် ရှာဖို့လိုသေး သလား၊ (မလိုပါဘူးဘုရား)၊ အဲဒီတော့ ခင်မှုဆိုတာက သမုဒယ သစ္စာ၊ (မှန်ပါ) အဲဒီခင်မှု သမုဒယသစ္စာရှိနေတော့၊ နောင်ကို ဒုက္ခသစ္စာဆိုတဲ့ ဇာတိရမလား၊ မရဘူးလား. . . (ရမှာပါဘုရား)။

တဏှာပစ္စယာ ဥပါဒါန်၊ (တင်ပါ) သမုဒယဟာ တဏှာ ပဲ မဟုတ်လား. . . (တဏှာပါဘုရား)၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိဆိုတော့ ဇာတိ ပြန်မရပေဘူးလား. . . (ရပါတယ်ဘုရား)။

## သားသမီးအရေး၊ စီးပွားရေး

အဲဒါဖြင့် သားသမီးအရေး၊ စီးပွားရေးလိုက်နေတဲ့၊ ဒကာ ဒကာမများသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဇာတိရှိလျက်နဲ့ ဘာရှာ နေလဲ. . . (ဇာတိထပ်ရှာပါတယ်ဘုရား)၊ ဒကာစိန်. . . မြင်ရဲ့ လား. . . (မြင်ပါတယ်ဘုရား)။

အဲဒါ သားသမီးရေး၊ စီးပွားရေးဘက်ကို လိုက်နေတဲ့ ပုဂ္ဂိုလ်ဟူသမျှသည် ဇာတိရှိလျက်နဲ့ ဇာတိရှာတာလို့ ဘုရားက ဟောတယ်၊ ဇရာရှိလျက်နဲ့. . . (ဇရာရှာတာပါဘုရား)၊ ဗျာတိရှိလျက်နဲ့. . . (ဗျာတိရှာတာပါဘုရား)၊ မရဏဆိုတာ သေမှုရှိလျက်နဲ့. . . (သေမှုရှာတာပါဘုရား)။

ယခုလည်းသူတို့အတွက်နဲ့ စီးပွားရေးရှာရ၊ သားသမီးတွေကြီးပွားရာကြီးပွားကြောင်း ကြိုးစားရတယ်ဆိုပြီး သကာလ၊ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ယခုလည်းရှိလျက်နဲ့၊ တစ်ခါဘာပြန်ရှာပြန်သတုံး. . . (သောကပရိဒေဝ ထပ်ရှာပြန်ပါတယ်ဘုရား)။

## ပုထုဇဉ်အမိုက်တို့၏ ရှာမှီးခြင်း

အဲဒါတွေအနအရိယ၊ အရိယာမဟုတ်သော ပုထုဇဉ်အမိုက်တို့၏ ရှာမှီးခြင်းလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့တကွ၊ ကြီးပွားရေးလိုက်နေတဲ့ ပုဂ္ဂိုလ်များဟာဖြင့်၊ ယခုအိုနာ သေရှိလျက်နဲ့၊ နောက်အိုနာသေကို ရအောင်လို့ ရှာနေကြတာပဲလို့၊ ငါဘုရားက ဟောတယ်လို့ ပရိယတနသုတ်မှာ ဟောတော်မူတယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့သည်၊ အိုနာသေရှိလျက်နဲ့ အိုနာသေရှာတာကဖြင့် အတော်လေးအရုပ်ဆိုးလို့ အတော်ကလေး အကျည်းတန်နေပြီဆိုတာဖြင့် ပြောလို့ မဆုံးအောင်ဖြစ်နေတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲ ဒကာ ဒကာမတွေ ပြင်လိုက်ပါဦး၊ ပြင်လိုက်ပါဦး၊ အိုနာသေရှိလျက်နဲ့ အိုနာသေရှာ ဒါတော့ဖြင့် လုံးဝမကောင်းတဲ့ အလုပ်ကြီးတစ်ခုပါပဲဆိုရင် လွဲသလား. . . (မလွဲပါဘူးဘုရား)။

အေး ဒါ ရဋ္ဌပါလသုတ်မှာ ဒါလာပြန်တယ်၊ ရဋ္ဌပါလသုတ်မှာဖြင့် ဒါလာပြန်တယ်၊ အဲဒီတော့ ဒကာ ဒကာမတို့၊ အိုနာသေရှိလျက်နဲ့ အိုနာသေရှာတာသည်၊ ယခု အိုနာသေရှိတာကော သူကောင်းကောင်း မြင်ရဲ့လား (မမြင်လို့ပါဘုရား)။

နောက် အိုနာသေလာမှာကော မြင်သေးရဲ့လား. . . (မမြင်ပါ ဘုရား)၊ ဩော် ဒါဖြင့် စုံလုံးကန်း အလုပ်လို့ ဘုန်းကြီးက ပြောလိုက်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဘယ်သူ့ အလုပ်ပါလိမ့်. . . (စုံလုံးကန်းအလုပ်ပါဘုရား)။

## နှစ်ဘက်ကန်း

လက်ရှိ အိုနာသေ မမြင်တာက တစ်ဘက်ကန်း၊ လာလတ္တံ့ အိုနာသေကြီး ရှာမှီးတာကလည်း မကောင်းတာ ရှာမှီးတဲ့အတွက် ၎ စ်ဘက်ကန်း၊ နှစ်ဘက်ကန်းဖြစ်သွားတယ်။

ဒါကြောင့် စုံလုံးကန်းတို့၏ ရှာမှီးခြင်းလို့ဆိုတာ ကိုလည်း၊ ဒကာ ဒကာမတွေကို ဟောရတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအတိုင်းပြထားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒကာစိန်ရေ. . . ဒါ ပြင်ဦးမှုတော်မယ်၊ ပြင်ဦးမှုတော်မယ်၊ ပြင်ဦးမှုတော်မယ်လို့ ဆိုတာ ဒကာ ဒကာမတွေ၊ မကောင်းလွန်းလို့ ပြောရတဲ့တရား၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပြင်ဦးမှုတော်မယ်

ပြင်ဦးမှုတော်မယ်၊ ပြင်ဦးမှုတော်မယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြင်စေချင်လို့ ဟောတယ်၊ ဆရာသမားကလည်း ပြင်ဖို့ရာသည်ကားလို့ဆိုရင် အကြောင်းပြတယ်၊ မကောင်းလွန်းလို့ အကြောင်းပြတယ်၊ မကောင်းလွန်းလို့ ဘုရားကဟောတယ် ဆိုတဲ့ဥစ္စာဖြင့် ဒကာ ဒကာမတွေ၊ သေသေချာချာမှတ်ပါ . . . (မှန်လှပါဘုရား)။

အိုနာသေမရှိဘဲနဲ့ အိုနာသေရှာတယ်ဆိုရင် တော်သေးရဲ့၊ ရှိလျက်နဲ့ ရှာတယ်ဆိုတော့ ဒကာ ဒကာမတွေ၊ အနာလေးပေါက်တာ၊ အနာကြီးဖြစ်ချင်လို့ ဆိုတဲ့အဓိပ္ပါယ် သေသေချာချာသက်ရောက်တော့တယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အိုနာသေရှိလျက်နဲ့ အိုနာသေရှာတဲ့ အလုပ်ဟာ ဘယ်အလုပ်ပါလိမ့်မတုံး ဆိုတော့၊ သားသမီးအရေး၊

စီးပွားရေးကို လိုက်စားတဲ့ ပုဂ္ဂိုလ်များ . . . (တင်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

သားသမီးအရေးနဲ့ စီးပွားရေးလိုက်စားတဲ့ ပုဂ္ဂိုလ်များဘာတဲ့ (အိုနာသေရှိလျက်နဲ့ အိုနာသေရှာတာပါဘုရား)၊ အေးအိုနာသေ ရှိလျက်နဲ့ အိုနာသေရှာတာတဲ့။

## စုံလုံးကန်းတို့၏ ရှာမှီးခြင်း

ကိုင်း ဒါဖြင့် စုံလုံးကန်းတို့၏ ရှာမှီးခြင်းလို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ပြောထိုက်တယ်မို့လား . . . (ပြောထိုက်ပါတယ်ဘုရား)၊ လက်ရှိ အိုနာသေကြီးတို့ကောမြင်သေးရဲ့လား. . . (မမြင်ပါဘုရား)၊ လာလတ္တံ့အိုနာသေကြီးကော. . . (မမြင်ပါဘုရား)။

အဲ- သားသမီးအရေး၊ စီးပွားရေးကို ရှာတယ်ဆိုတာ သမုဒယသစ္စာကိုးၗ၊ သားသမီးအရေး စီးပွားရေးကြိုးစားနေရတယ်ဆိုတဲ့ ဥစ္စာ၊ သူတို့ လူလားမြောက်ဖို့၊ သူတို့ လူရည်ထူးထူးဖြစ်ဖို့၊ ကိုယ်ကိုယ်တိုင်ကလည်း စားဖို့သောက်ဖို့ဆိုပြီးသကာလ၊ လူချင်းတူတူ၊ သူချင်းမျှမျှဖြစ်ဖို့ဆိုပြီးတော့ ရှာကြဖွေကြတဲ့ ဒကာ ဒကာမတွေဟူသ၍သည်ကားလို့ဆိုရင် သမုဒယသစ္စာ မပါရင် ဖြစ်ကိုမဖြစ်ဘူး။

## သမုဒယသစ္စာဆိုတာတရား

အဲဒီ သမုဒယသစ္စာဆိုတာ တဏှာပဲ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိက စပြီး မရပေဘူးလား. . . (ရပါတယ်ဘုရား)၊ ဇရာ၊ ဗျာတိကော လွတ်ပါ့မလား. . . (မလွတ်ပါဘုရား)။

အဲ-သားသမီးရေး၊ စီးပွားရေး ရှာမှီးလိုက်စားနေတဲ့ ပုဂ္ဂိုလ်တို့၏ အလုပ်ကဖြင့်၊ အိုနာသေရှိလျက်နဲ့ အိုနာသေရှာခြင်း ကြောင့် ကြောက်စရာအင်မတန်ကောင်းတဲ့အလုပ်ပဲလို့ ဘုရား က မကောင်းတဲ့ ရှာမှီးခြင်းပြလိုက်တယ် ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေကို လိုက်နာကျင့်ကြံစေချင် တာကတော့ဖြင့် ဘုရားက လိုက်နာကျင့်ကြံစေချင်တာ၊ ဘုန်းကြီး များအမြင်ကျယ်တဲ့ ပုဂ္ဂိုလ်များက လိုက်နာကျင့်ကြံစေချင်တာ ကတော့ဖြင့်၊ အိုနာသေရှိနေသောကြောင့်၊ အိုနာသေ၏ အပြစ်ကို မြင်ပြီးသကာလ အိုနာသေလွတ်ရာ ရှာစေချင်တယ် . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

## အိုနာသေလွတ်ရာရှာစေချင်တယ်

အိုနာသေရှိလျက်နဲ့ အိုနာသေအပြစ်ကို မြင်ပြီးသကာလ

အိုနာသေလွတ်ရာကို ရှာစေချင်တယ်၊ အိုနာသေကလည်း လက်ရှိကိုဗျ။

အဲဒီ အိုနာသေလက်ရှိနဲ့ ၎င်း အိုနာသေကြီးသည်ကား လို့ဆိုလို့ရှိရင်ဖြင့်၊ တယ်ပြီးကြောက်စရာ၊ လန့်စရာ ကောင်းပါလားလို့ သူ့အပြစ်ကို မြင်ပြီး၊ သူလွတ်ရာရှာမှပဲဆိုတဲ့ ရှာမှီးခြင်း ပြောင်းစေချင်တယ်. . . (တင်ပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါက ဒီလိုရှာလိုက်လို့ရှိရင်တော့ အရိယာတို့၏ ရှာမှီးခြင်းပေါ့၊ အရိယာမျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်းပေါ့၊ လို့ ဘုရားက ဟောလိုက်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## နှစ်ဘက်မြင်ရှာ

ဒါဖြင့် ဒီပုဂ္ဂိုလ်ကတော့ တစ်မျိုးပါလား၊ လက်ရှိ အိုနာသေလည်း မြင်သောကြောင့် ဟို. . . အိုနာသေလွတ်ရာကို ရှာတယ်ဆိုသဖြင့် ဒီဘက်လည်းမြင်၊ ဟိုဘက်လည်းမြင်၊ နှစ်ဘက်မြင် ရှာလို့ရှိရင်ဖြင့် လိုရာတွေ့မှာပေါ့. . . (မှန်ပါ့ဘုရား)။

စုံလုံးကန်းရှာလို့တော့ လိုရာတွေ့ပါ့မလား. . . (မတွေ့ပါဘူးဘုရား)၊ အဲဒါကြောင့် အရိယာတို့၏ ရှာမှီးခြင်းကတော့ဖြင့် အိုနာသေရှိတာကိုသိပြီး သကာလ အိုနာသေတို့၏ ဖြစ်ပုံ ပျက်ပုံ တွေကို မြင်ပြီးသကာလ ၎င်း အိုနာသေလွတ်ရာကို ရှာပါတယ်

. . . (မှန်ပါ့ဘုရား) သဘောကျပလား . . . ကျပါတယ်။

ဒါဖြင့် သူတို့ကတော့ ဘယ်လိုရှာပါလိမ့်မလဲ ဆိုတော့၊ အိုနာသေ ဖြစ်ပျက်ကို ရှုပြီး သကာလ အိုနာသေလွတ်ရာကို ရှာတယ်၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

## အရိယာနွယ်တို့၏ ရှာမှီးခြင်း

အရိယာများ ရှာမှီးခြင်း၊ အရိယာနွယ်၊ အရိယာမျိုးတို့၏ ရှာမှီးခြင်းက အိုနာသေရှိ၍ အိုနာသေတို့၏ အဖြစ်အပျက်ကို၊ မြင်ပြီး သကာလ၊ အိုနာသေလွတ်ရာကို ရှာသည်လို့မှတ် ကြစမ်းပါ။

ဒါဖြင့် ဒီတရားကို ဘုရား သခင်ကိုယ်တော်မြတ်ကြီး ရဠပါလသုတ် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ သေသေချာချာ ဟောတော်မူသောကြောင့် မင်းတို့ အလုပ်လုပ်ကြကွာလို့ ပြောတာ၊ ဘာပြောတာပါလိမ့်. . . (မင်းတို့အလုပ်လုပ်ကြလို့ ပြောတာပါဘုရား)၊ ဦးလှဘူး ဘာပြောလဲ. . . (အလုပ်လုပ် ကြလို့ ပြောတာပါဘုရား)။

အလုပ်လုပ်ခိုင်းတာပဲဆိုတာ ရှင်းကြပလား. . . (ရှင်းပါ ပြီ ဘုရား)၊ အဲ အလုပ်လုပ်ကြပါဟ၊ အလုပ်လုပ်ကြပါဟဆိုတော့ အိုနာသေကြီးကိုဖြင့် မြင်အောင်ကြည့်ပြီး သကာလ (ဝါ) ဒုက္ခ သစ္စာမြင်အောင်ကြည့်လိုက်ပါဟ။

အဲဒါမှ ဒုက္ခလွတ်ရာ ရောက်ပါမယ်ဟာလို့ ပြောတာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အိုနာသေကြည့်ဆိုတာ ဒုက္ခသစ္စာကို ကြည့်ကွ. . . (မှန်ပါ့)။

## ဒုက္ခသစ္စာကြည့်၍ ဒုက္ခသစ္စာမြင်မှ

အဲဒီတော့ ဒုက္ခသစ္စာကိုကြည့်၍၊ ဒုက္ခသစ္စာမြင်မှ သာလျှင်၊ ကြောက်လန့်ပြီး၊ မလိုချင်မှ ဒုက္ခလွတ်ရာကို၊ ကိုယ်ပိုင်ကိုယ်တိုင်ရမယ် ဆိုတာက၊ အမှန်သဘောဖြစ်သွားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် အရိယာများ ရှာမှီးခြင်းကတော့ တစ်မျိုးပါလား . . . (မှန်ပါ့)၊ အိုနာသေရှိလျက်နဲ့ပဲ၊ အိုနာသေဖြစ်ပျက်ရှုပြီး သကာလ အိုနာသေလွတ်ရာ ရှာကြံယူလိုက်တော့တယ်၊ ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒါဖြင့် သူကဖြင့် တစ်ဘက်မြင်လား၊ နှစ်ဘက်မြင်လား . . . (နှစ်ဘက်မြင်ပါဘုရား)၊ လက်ရှိ အိုနာသေကိုလည်းမြင်၊ လာလတ္တံ့ အိုနာသေလွတ်ရာကြီးကိုလည်း. . . (မြင်ပါတယ်ဘုရား)။

ဩော် သူကလည်း နှစ်ဘက်မြင်မို့ လမ်းသွားရာတော့ဖြင့် အန္တရာယ်ကင်း၊ ဘေးရှင်းမှာပဲဆိုတာ ငြင်းဆန်နေဖို့ မလိုတော့ပါဘူး၊ လိုသေးလား. . . (မလိုပါဘုရား)။

## ဘယ်ဘက်လမ်းလိုက်ဖို့ ကောင်းသတုံး

အေး ဒါကြောင့် ဒကာ ဒကာမတို့ ဘယ်ဘက်လမ်းလိုက်ဖို့ ကောင်းသတုံးလို့မေးဖို့ ကြုံလာတယ်၊ ကဲ ဒကာစိန်. . . ဘယ်ဘက်လမ်းလိုက်မလဲ. . . (အိုနာသေလွတ်တဲ့လမ်း လိုက်ပါ့မယ်ဘုရား)။

အေး အိုနာသေလွတ်တဲ့လမ်း လိုက်လို့ရှိရင် အိုနာသေ၏ သဘောကို မြင်အောင်ကြည့်ပါ (မှန်ပါ့)၊ ဒါ ဘုရားဟောတယ်၊ အိုနာသေ၏ သဘောကို မြင်အောင်ကြည့်ပါလို့ ဒကာဒကာမတို့ (ဝါ)၊ ဖြစ်ပျက်ကိုမြင်အောင်ကြည့်ပါလို့ ပြောတာပဲ။

ဖြစ်ပျက်တွေ၊ ပျက်တာတွေ့ကြည့် ရင့်တယ်၊ ရင့်တယ်ဆိုပျက်တယ်၊ အဲဒါ ဝေဒနာသေလို့ မကျဘူးလား. . . (ကျပါတယ်ဘုရား)။

အဲဒီသဘောကို မြင်အောင်ကြည့်ကြလို့ ရှိရင်ဖြင့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်၊ အိုနာသေ၏ အပြစ်ကို မမြင်ကြသေးဘူးလား. . . (မြင်ပါတယ်ဘုရား)၊ ဒါဖြင့် အိုနာသေအပြစ်ကိုမြင်တော့၊ အိုနာသေတစ်ဘက်မြင် မကျသေးဘူးလား (ကျပါတယ်ဘုရား)။

## အိုနာသေလွတ်ရာရှာပါ

ဒါဖြင့် အိုနာသေအပြစ်ကို မြင်သောကြောင့် ဒီအိုနာသေ မကြိုက်ပါဘူး၊ အိုနာသေလွတ်ရာကိုပဲ၊ ရှာပါတော့မယ်ဆိုတော့ နိဗ္ဗာန်တစ်ဘက်မြင် မကျဘူးလား. . . (ကျပါတယ်ဘုရား)။

အဲဒါက အရိယာတို့၏ ရှာမှီးခြင်း၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ပုထုဇဉ်တို့၏ ရှာမှီးခြင်းက၊ စုံလုံးကန်းရှာမှီးခြင်း (တင်ပါ့ ဘုရား)၊ အရိယာတို့၏ ရှာမှီးခြင်းက နှစ်ဘက်မြင်တို့၏ ရှာမှီးခြင်း. . . (မှန်ပါ့)။

မကွာလား . . . (ကွာပါတယ်ဘုရား)၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သွားလာပြီးသကာလ၊ သံသရာခရီးကြမ်းကြီးထဲမှာ အိုဘေး နာဘေးတွေ ရောထွေးနေတဲ့ ခရီးကြမ်းကြီးထဲမှာ စုံလုံးကန်းနဲ့ သွားနေမှုဖြင့် ဒီအထဲချည်းတိုးတော့မှာပဲ၊ သဘောကျပလား. . . (ကျပါပြီ)။

သံသရာကြီးကတော့ အိုဘေး၊ နာဘေးတွေနဲ့ ဥစ္စာ၊ ဘေးဗရမ်းဘေးကြမ်းတွေက မရှိလား. . . (ရှိပါတယ်ဘုရား)၊ ဒီကာလည်း၊ စုံလုံးကန်းက ဒီအထဲချည့်တိုးနေတယ် ဆိုလို့ရှိရင်ဖြင့် အင်း. . . . မျက်စိကန်း၊ တစ္ဆေ မကြောက်သွားတာကဖြင့် မှန်လိုက်လေခြင်း၊ မျက်စိကန်း တစ္ဆေမကြောက်သွားတာကဖြင့် မှန်လိုက်လေခြင်းဆိုတာ မသွားထိုက်ဘူးလား. . . (သွားထိုက်ပါတယ်ဘုရား)။

## စုံလုံးကန်း၊ အိုနာသေလမ်းလျှောက်ခဲ့တယ်

စဉ်းစားမိပြီလား . . . (စဉ်းစားမိပါပြီဘုရား) ကိုထွန်းအောင်ရေ. . . နောက်တုန်းက ဘယ်လိုများတို့လမ်းသွားခဲ့ပါလိမ့်မလဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား) စုံလုံးကန်း၊ အိုနာသေလမ်းကြီး လျှောက်လာခဲ့တာပဲ. . . သဘောကျပလား. . . (ကျပါပြီ)။

မျက်စိနှစ်ဘက်ကလည်း စုံလုံးကန်း၊ လမ်းဆိုးလမ်းကြမ်းကြီးကလည်း အိုနာသေတို့ ရှုပ်ပွေနေတဲ့လမ်းကြီး၊ အဲဒီလမ်းချည့်လျှောက်တာပဲ တစ်ခါတည်း. . . (မှန်ပါ့)။

မျက်စိက မမြင်တော့ အဲဒီလမ်းချည်းလျှောက်တာပေါ့ဗျာ၊ လျှောက်တော့ အဲဒီဘေးဗရမ်း၊ ဘေးကြမ်းတွေနဲ့ချည်း မတွေ့ဘူးလား. . . (တွေ့ပါတယ်)။

အဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ တောင်ပေါ်ဆိုတော့ အမြင့်ကနေကြည့်လိုက်တော့၊ ဩော် မျက်စိကန်းတဲ့လူက အိုနာသေလမ်းကြမ်းကြီးထဲကို လျှောက်ပြန်ပါပြီလို့ မမြင်ပေဘူးလား. . . (မြင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ဟော့ မျက်စိမြင်အောင်လုပ်ပါဟာ၊ မျက်စိမြင်အောင်လုပ်ပါဟာ၊ နို့မို့ စုံလုံးကန်းတော့ အိုနာသေလမ်းကြမ်းတွေနဲ့ပဲ၊ အမြဲနေရတော့မယ်ဆိုတာ မြင်တော်မူတယ်. . . (မှန်လှပါဘုရား)။

ကိုင်း ဒါဖြင့် ဦးလှဘူးရေ. . . မျက်စိလည်း မကန်းပါနဲ့တော့၊ အိုနာသေလမ်းကြမ်းလည်း မလှမ်းပါနဲ့တော့၊ မဆိုထိုက်ဘူးလားဗျာ . . . (ဆိုထိုက်ပါတယ်ဘုရား)။

## မျက်စိမြင်အောင်လုပ်လိုက်ပါ

မျက်စိလည်း မကန်းကြပါနဲ့၊ အိုနာသေလမ်းကြမ်းကြီးကိုလည်း လှမ်းပြီးသကာလ မသွားကြပါနဲ့ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နှစ်ဘက်မြင်ကလေးဖြင့် လုပ်လိုက်ပါလို့ပြောတယ်. . . (မှန်ပါ့)။

အိုနာသေရှိလျက်နဲ့ အိုနာသေအပြစ်ကိုမြင်လိုက်ပော့၊ ဆိုတော့ အိုနာသေရှိတာကို၊ အိုနာသေအပြစ်ကို၊ ကိုယ့်သန္တာန်ရှိတာကို ကိုယ်မြင်လိုက်တော့၊ ဩော် လက်ရှိလည်း မြင်ရာမကျဘူးလား. . . (ကျပါတယ်ဘုရား)။

ဒါ လွတ်အောင်ရှာမှပဲ ဆိုပြီး သကာလ အိုနာသေအပြစ်တွေမြင်လိုက်လို့ ရှိရင်လည်း၊ လွတ်ရာနိဗ္ဗာန်မရောက်ပေဘူးလား. . . (ရောက်ပါတယ်)။

အဲဒီတော့ ရောက်ရမယ်ဆိုတာ သူ့စိတ်ထဲဉာဏ်ထဲမမြင်ဘူးလား. . . (မြင်ပါတယ်)၊ ဒါဖြင့် ယခုလက်ရှိ အိုနာသေကိုလည်း အပြစ်မြင်တာက၊ တစ်ဘက်မြင်. . . (တင်ပါ့)။

ရောက်လိမ့်မယ်ဆိုတဲ့နေရာဌာနကြီးကို မှန်းပြီး မြင်လိုက်တာကလည်း တစ်ဘက်မြင်. . . (မှန်ပါ့)။

## နှစ်ဘက်မြင်မှလိုရာရောက်မယ်

အဲဒီတော့ နှစ်ဘက်မြင်နဲ့ရှာလို့ရှိရင်ဖြင့် လိုရာရောက်ကြလိမ့်မယ်၊ နို့မို့လို့ရှိရင်ဖြင့် လိုရာရောက်စရာအရေးဟာကြာလေဝေးလေ ဖြစ်တော့မှာပဲ။

ဒါဖြင့် ဒုက္ခသစ္စာမြင်မှသာလျှင် ဒကာ ဒကာမတို့၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေမြင်မှသာလျှင် လိုရာလမ်းကြောင်း လမ်းမှန်လမ်းကောင်းကြီးကိုဖြင့် လှမ်းနိုင်ကြလိမ့်မယ်ဆိုတာ သံသရမရှိပါနဲ့။

ဒီလိုမှ လှမ်းနိုင်လိမ့်မယ်ဆိုတာ ပေါ်လာကြပလား. . . (ပေါ်ပါပြီဘုရား)၊ အေး ဒါကြောင့် ဒကာ ဒကာမတွေ ပြောရတယ်၊ အဲဒီတော့၊ ယနေ့ ဒကာ ဒကာမတွေ အလုပ်တရားက ဘယ်လိုလဲလို့ မေးလို့ရှိရင်ဖြင့်၊ အိုနာသေမြင်အောင်ကြည့်မှသာလျှင်၊ အိုနာသေ လွတ်ရာကိုလည်း တွေ့မှာပဲ။

အိုနာသေမြင်အောင် မကြည့်ရင် . . . (အိုနာသေလွတ်ရာမတွေ့နိုင်ပါဘူးဘုရား)၊ အိုနာသေလွတ်ရာမတွေ့နိုင်ဘူးဆိုသဖြင့် ဒကာ ဒကာမတွေ သန္တာန်မှာ ရုပ်ပဲပေါ်ပေါ်၊ ရုပ်ပဲ ဉာဏ်ဦးတည့်မိသည်ဖြစ်စေ၊ ဟောနေကြဖြစ်တဲ့ အားထုတ်နေကြဖြစ်တဲ့၊ ဝေဒနာသုံးမျိုးကို ဦးတည့်မိသည်ဖြစ်စေ၊ ဦးတည့်လိုက်တဲ့ အခါကျတော့ ဒကာစိန်တို့၊ အားလုံး ဒကာ ဒကာမတို့ ဦးတည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း သူ့

ဝိပရိဏာမသဘောလေးတော့ တွေ့မှာပဲ. . . (တွေ့ရပါတယ် ဘုရား)။

ဝိပရိဏာမ သဘောလေးက၊ ပထမတုန်းကတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဒကာ ဒကာမတွေက နာမည်ပေးထားကြတယ်။

အင်း ဒါဖြင့် ကောင်းတာက သုခဝေဒနာ၊ မကောင်းတာက. . . (ဒုက္ခဝေဒနာ)၊ အလယ် အလတ်ရှိတာက . . . (ဥပေက္ခာဝေဒနာပါဘုရား)။

## ဝေဒနာသဘောစွန့်သွားတယ်

အင်း သူက ဒီလိုပဲ ဝေဒနာသဘောနဲ့နေတာပဲ၊ ဝေဒနာသဘောနဲ့နေတော့၊ ဪ. . . သူက ဝေဒနာသဘောအဖြစ်မှ တစ်ပါး၊ မပြောင်းဘူးလား စိတ်ထဲက မှန်းတယ်။

ဝေဒနာသဘောက ပြောင်းဦးမှာလား၊ မပြောင်းဘူးလား ဆိုတာ၊ ဒကာ ဒကာမတွေ ဉာဏ်ဦးလှည့်လိုက်ပါ၊ လှည့်လိုက်တဲ့ အခါကျတော့ ဒကာ ဒကာမတွေ ကြည့်ရင်း မတွေ့နဲ့ပဲ သုခဝေဒနာလေးကလည်း သုခဝေဒနာမဟုတ်ဘူး၊ ဖြစ်ပျက်ဒုက္ခလေး ဖြစ်သွားတယ်။

သုခဝေဒနာကလေးကလည်း သုခဝေဒနာဟုတ်သေးရဲ့လား. . . (မဟုတ်တော့ပါဘုရား)၊ အင်း. . . ပျက်စီးတဲ့ ဒုက္ခလေး၊ ဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်ဘုရား)။

အင်း. . . သုခဝေဒနာသည် ဒကာ ဒကာမတို့ ပျက်စီးတဲ့ ဒုက္ခဖြစ်သွားတယ်၊ အင်း ဝေဒနာသဘောဟာ၊ ဝေဒနာသဘောစွန့်ပြီး သင်္ကာလ ဘယ်ရောက်သွားသတုံး ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာသဘော ရောက်သွားတယ်။

## ပျက်စီးတဲ့ ဒုက္ခသဘောရောက်သွားတယ်

ပျက်စီးတဲ့ ဒုက္ခသစ္စာသဘောမရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)၊ အင်း. . . ဝေဒနာသဘောစွန့်၊ ပျက်စီးတဲ့ ဒုက္ခသဘောရောက်. . . (မှန်ပါ့ဘုရား)။

အင်း. . . ဒကာ ဒကာမတို့နည်းနည်းစဉ်းစားစမ်း၊ ဝိပရိဏာမ ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)၊ ကိုထွန်းအောင် . . . ဝိပရိဏာ မ ဟုတ်ကဲ့လား . . . (ဟုတ်ပါတယ်ဘုရား)။

ပေါ်တုန်းက ဝေဒနာဆို. . . (ပေါ်တုန်းက ဝေဒနာပါဘုရား)၊ ဉာဏ်နဲ့လည်း မြင်ရတယ်၊ ဆရာဘုန်းကြီးပြောတဲ့အတိုင်းလည်းကြည့်လိုက်ပါရော။ ဝေဒနာမဟုတ်ဘူးဟေ့။ တို့ဖြင့်အပျက်တွေ့နေတယ်။ (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဦးလှဘူးရေ. . . ဝေဒနာဟုတ်သေးရဲ့လား . . . (မဟုတ်တော့ပါဘူး)၊ ဘာတွေ့သလဲ. . . (အပျက်တွေ့ပါတယ်

ဘုရာ)၊ အင်း ဒါဖြင့် ဝေဒနာသည် ဘာဖြစ်သွားသလဲ. . . (အပျက်ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒကာစိန်ရေ၊ ဝေဒနာလေးဟာ ဝေဒနာမဟုတ်ဘူး၊ အပျက်ကလေးသဘောဖြင့် အသေအချာရောက်သွားတယ်။

## ဝိပရိဏာမက ဘာစွန့်တာတုံး

အဲဒါ ဝေဒနာလေးဟာ အပျက်ကလေးသဘောကို သေချာရောက်သွားတဲ့ အခါကျတော့၊ ကြည့်လိုက်တာပေါ့ ဒါသည်ကားလို့ဆိုရင် ဝေဒနာသဘောလား အပျက်သဘောလား. . . (အပျက်သဘောပါဘုရား)၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့ အချိန်မှာလေ. . . ။

အဲ ဉာဏ်နဲ့ကြည့်လိုက်တဲ့ အချိန်ကျတော့ အပျက်မြင်တော့ ဝေဒနာသည် ဝေဒနာ သဘာကိုစွန့်၊ အပျက်သဘောကိုရောက်။

အင်း. . . ဝေဒနာသည် ဝေဒနာသဘောကိုစွန့်၊ အပျက်သဘောသို့ ရောက်ဆိုတော့ ဝိပရိဏာမ အပျက်ဒုက္ခ . . . (မှန်ပါ့ဘုရား)။

## ဒုက္ခဆိုတာက ပျောက်သွားတာ

ဝိပရိဏာမက ဝေဒနာသဘောစွန့်တာ၊ အပျက်ကလေးက အပျက်ဒုက္ခ ဒါဖြင့် ဝိပရိဏာမ ဆိုတာက ဝေဒနာသဘောစွန့်တာ၊ ဒုက္ခဆိုတာက ပျောက်ပျက်သွားတာလေးဆိုတာ၊ (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝိပရိဏာမက ဘာစွန့်တာတုံး. . . (ဝေဒနာစွန့်တာပါဘုရား)၊ ဝေဒနာရယ်လို့နာမှု၊ ကျင်မှု၊ ကိုက်ခဲမှု၊ ကောင်းမှု၊ အလယ်အလတ်ဖြစ်မှု ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## ဝေဒနာသဘောစွန့်တာက ဘာတဲ့လဲ

ဒါဖြင့် ဝေဒနာသဘောစွန့်တာက ဘာတဲ့ (ဝိပရိဏာမပါဘုရား) ကြည့်လိုက်တဲ့အခါကျတော့ ပျောက်ပျက်သွားတာလေး မြင်လိုက်တော့၊ ပျောက်ပျက်တဲ့ ဒုက္ခမြင်လိုက်ဘူးလား . . . (မြင်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပရိဏာမနဲ့ ဒုက္ခနဲ့ ပေါင်းလိုက်တာပေါ့ . . . (တင်ပါ့) ပေါင်းလိုက်တော့ ဘယ်နှယ့်ဖြစ်သွားသလဲ . . . (ဝိပရိဏာမ ဒုက္ခ ဖြစ်သွားပါတယ်ဘုရား)။

## ဝိပရိဏာမဒုက္ခ

အေး ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ သန္တာန်ရှိတာ ဝေဒနာသုံးမျိုးသည်ကားလို့ ဆိုရင်ဖြင့် ဘယ်သဘောသတ္တိ ရှိသလဲလို့ ကိုယ့်ဟာကိုယ် ရှုကြည့်တဲ့ အခါကျတော့ ဝိပရိဏာမ ဒုက္ခ သဘောသတ္တိရှိတယ်၊ ရှင်းပလား. . . (ရှင်ပါပြီ)၊ ပေါ် ပလား ဒကာ ဒကာမတို့. . . (ပေါ်ပါပြီဘုရား)။

ညာဏ်စခန်း၊ ညာဏ်စခန်း၊ ညာဏ်စခန်းဦးလှဘူးရေ. . . ဝိပရိဏာမ ဒုက္ခဆိုတာ သာမညပြောတာ မဟုတ်ဘူး။

ပထမ ဒီဝေဒနာဟာ၊ ဝေဒနာသဘောစွန့်သွားလို့ရှိရင် ဘာဆိုကြမယ်. . . (ဝိပရိဏာမပါဘုရား)။

## နွားနို့အချိုကချဉ်သွားတယ်

နွားနို့အချိုဟာလေ၊ နွားနို့လေးထားလိုက်တယ်၊ ဒီ အရပ်က ပူတဲ့အရပ်ဖြစ်နေတော့၊ မွန်းလွဲလို့ရှိရင် ချဉ်သွားတယ်၊ ချဉ်သွားတော့ ဒကာစိန်တို့က၊ နွားနို့သည် ဘာဖြစ်သွားသတုံး ဆိုလို့ရှိရင်၊ ဖေါက်ပြန်ပြီဟေ့. . . ချဉ်သွားတယ်၊ အချိုဘာဖြစ် သွားသလဲ. . . (ဖေါက်ပြန်သွားတယ်)။

ချဉ်သွားတာသည် စာလိုသုံးတော့ ဝိပရိဏာမ ဖြစ်သွား သည်၊ နွားနို့လေးချိုတာက ချဉ်ရင် ဘာပါလိမ့်. . . (ဝိပရိဏာမ ပါဘုရား)။

ဒီမှာလည်း ဝေဒနာသည်ကားလို့ ဆိုလို့ရှိရင် ပထမက သုခလိုလိုနဲ့ တော်တော်ကြာကျတော့ သုခလည်းမဟုတ်ဘူး၊ ဒုက္ခ ဖြစ်သွားတယ်၊ ဝေဒနာလည်း မဟုတ်ဘူး၊ ဒုက္ခဖြစ်သွားတယ် (တင်ပါ့)။

ဒုက္ခဝေဒနာလည်း မဟုတ်ဘူး ဘယ်ရောက်လဲ. . . ဒုက္ခ သစ္စာပဲ ပြန်ရောက်တယ်၊ ဥပေက္ခာဝေဒနာလည်း မဟုတ်ဘူး၊ ဘယ်ပြန်ရောက်လဲ (ဒုက္ခသစ္စာပဲ ပြန်ရောက်ပါတယ်ဘုရား)၊ ဒုက္ခဆိုတဲ့ သဘော ပြန်မရောက်ဘူးလား. . . (ရောက်ပါတယ်)။

## နက်နက်နဲနဲရှုလိုတဲ့ပုဂ္ဂိုလ်အတွက်

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ နက်နက်နဲနဲရှုလိုတဲ့ ပုဂ္ဂိုလ်အတွက်ကိုဖြင့်၊ ဩော်. . . ဝိပရိဏာမ ဆိုတာက ဝေဒနာ သဘောစွန့်တာ၊ သဘောကျပလား. . . (ကျပါပြီ)။

ဒုက္ခဆိုတာက ပျောက်ပျက်သွားတာလေး ဒီဉာဏ်က မြင်လိုက်တယ်၊ အဲဒီတော့ ဒကာ ဒကာမတွေ အပျက်မြင်တိုင်း မြင်တိုင်း ဘာကိုမြင်သတုံးလို့ မေးလို့ရှိရင်ဖြင့် ဝိပရိဏာမ ဒုက္ခ ကို မြင်တယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘာကို မြင်ပါလိမ့်. . . (ဝိပရိဏာမ ဒုက္ခကို မြင်တာပါဘုရား)။

အေး ဒါကြောင့် ဝိပရိဏာမ သဘောနဲ့ ဒုက္ခသဘောကို လည်း ယနေ့ ရှင်းအောင်ပြောနေတယ်၊ ရဋ္ဌပါလသုတ်မှာ လာပြန်လို့ ပြောနေရတယ် . . . (မှန်ပါ့)။

## နှစ်ဘက်မြင်ဖြစ်တော့မယ်

အဲဒီကဲ့သို့ ဝိပရိဏာမကို ခင်ဗျားတို့ ရှာလို့ရှိရင်ဖြင့် အင်း နှစ်ဘက်မြင်ဖြစ်တော့မယ်၊ နှစ်ဘက်မြင်ဖြစ်တော့မယ် ဒကာ ဒကာမတို့ . . . (မှန်လှပါဘုရား)၊ နှစ်ဘက်မြင်ဖြစ်တော့မယ် . . . ဦးလှဘူးရေ . . . သဘောကျပလား. . . (ကျပါပြီဘုရား)။

အင်း ဒါဖြင့် ဉာဏ်ကလေးနဲ့ ခန္ဓာပြောမှု ဉာဏ်လှည့် လိုက်စမ်းပါ နာတယ်ဆိုတော့ ဘာဝေဒနာတုံး. . . (ဒုက္ခဝေဒနာ ပါဘုရား)၊ အေး နေသာတယ်ဆိုတော့. . . (သုခဝေဒနာ ပါဘုရား)။

## နေသာတဲ့ဝေဒနာလေးဉာဏ်နဲ့ကြည့်

အဲဒီနေသာတာလေးပဲ ဒကာ ဒကာမတွေကြည့်စမ်း ပါဦး၊ နေသာတဲ့ ဝေဒနာလေး ဉာဏ်နဲ့ကြည့်စမ်းပါဦး၊ တွေ့ သေးရဲ့လား မတွေ့ပါဘူး၊ ဘာဖြစ်သွားသတုံး. . . (ဒုက္ခဖြစ်သွား ပါတယ်ဘုရား)။

နေသာတာမှ၊ နေသာတဲ့ သဘောလေးစွန့်ပြီး သကာလ ပျောက်ပျက်တဲ့ သဘောလေးရောက်သွားတယ်၊ မရောက်ဘူး လား . . . (ရောက်ပါတယ်)။ နေသာတဲ့ သုခသဘောလေး ဘာဖြစ်သွားသလဲ . . . (ပျောက်ပျက်သွားပါတယ်ဘုရား)၊ စွန့်သွားတယ်။

ဘာလေးသာ ခင်ဗျားတို့ ဉာဏ်ထဲတွေ့တော့လဲ. . . (ပျောက်ပျက်တာတွေ့ ပါတယ်ဘုရား)၊ အေး အပျက်ဒုက္ခလေးသာ ဒကာ ဒကာမတွေ မတွေ့ဘူးလား. . . (တွေ့ပါတယ်)။

အဲဒီအပျက် ဒုက္ခလေးသာတွေ့တော့ အင်း. . . ဒကာ ဒကာမတွေ တွေ့နေတဲ့၊ ဆရာဘုန်းကြီးက ရှုခိုင်းလို့ ရှုနေတာလေးဟာ၊ ဘာလေးပါလိမ့်မလဲဆိုတာ ယနေ့ကောင်းကောင်းပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဝိပရိဏာမ ဒုက္ခလေးတွေ့ရတယ်

ဘာလေးပေါ်လာလဲ. . . (အပျက်ဒုက္ခ ပေါ်ပါတယ်ဘုရား)၊ ဒီလိုမဆိုနဲ့ ဒကာစိန်ရဲ ဒီလိုမဆိုနဲ့၊ ဝိပရိဏာမ ဒုက္ခလေးကို တွေ့ရတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒကာ ဒကာမတို့ ဘာတွေ့. . . (ဝိပရိဏာမ ဒုက္ခလေးကို တွေ့ရပါတယ် ဘုရား)၊ အေး ဝိပရိဏာမ ဒုက္ခတွေ့ရတယ်ဆိုတာ ရှင်းပလား. . . (ရှင်းပါပြီ)။

သုခလေးဟာ သုခရယ်လို့ တွေ့သလား. . . ပျက်စီးမှုလေးတွေ့သလား. . . (ပျက်စီးမှုလေးတွေ့ပါတယ်ဘုရား)၊ ဒါဖြင့် သုခသဘော စွန့်သွားတာက ဝိပရိဏာမ၊ ပျက်စီးမှုသဘောလေးတွေ့ရတာက. . . (ဒုက္ခပါဘုရား)။

ဒါဖြင့် ဘာတွေ့ကြလဲ. . . (ဝိပရိဏာမ ဒုက္ခတွေ့ပါတယ်ဘုရား)၊ အေး ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရှုနေတာ ဝေဒနာသုံးမျိုး ရှုတိုင်း ရှုတိုင်း ဘာဒုက္ခတွေ့သလဲ (ဝိပရိဏာမ ဒုက္ခတွေ့ပါတယ်ဘုရား)။

## ဒီနေ့တရားဂရုစိုက်ပါ

အေး. . . ဒကာစိန်ရ ဝိပရိဏာမ ဒုက္ခတွေ့တယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ကိုထွန်းအောင်ရေ ဒီနေ့ တရား ဂရုစိုက်ပါ . . . (မှန်ပါ)၊ ဦးလှဘူး ဂရုစိုက်. . . (စိုက်ပါတယ်ဘုရား)။

ဘာကြောင့်တုံးဆိုတော့ ဝေဒနာတွေ့တာမှ မဟုတ်တော့ဘဲကိုးဗျ၊ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း၊ ၎င်းဝေဒနာက အပျက်သဘောသို့ မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အပျက်သဘောသို့ ရောက်တယ်ဆိုတော့၊ ဝေဒနာသဘောစွန့် အပျက်သဘောသို့ရောက် ဆိုတော့ ပျက်ဒုက္ခအဖြစ် မကျသေးဘူးလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ သူ့ ဘာခေါ်ကြမယ်. . . (ဝိပရိဏာမ ဒုက္ခပါဘုရား)၊ ဒါဖြင့် သုခဝေဒနာလည်း ဘယ်လမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခလမ်းဆုံးပါတယ်ဘုရား)၊ ဒုက္ခဝေဒနာကော

ဘယ်လမ်းဆုံး (ဝိပရိဏာမ ဒုက္ခလမ်းဆုံးပါတယ် ဘုရား)၊ ဉပေက္ခာ ဝေဒနာလည်း ဘယ်လမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခလမ်းဆုံးပါတယ် ဘုရား)။

အေး ခင်ဗျားတို့ ရုပ်တွေ ဘာတွေကော ဘယ်လမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခလမ်းဆုံးပါတယ် ဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ ရုပ်နာမ်တွေဟာ ဝိပရိဏာမ ဒုက္ခသစ္စာဆိုတာ ဒါပါပဲ။

## ဒုက္ခသစ္စာမတွေ့မှာ စိုးရိမ်တယ်

ဩော် တို့ ဒုက္ခသစ္စာတွေ့ပဟ၊ ဒုက္ခသစ္စာတွေ့ပဟဆို တော့ ဒုက္ခသစ္စာများမတွေ့မှာ ဆရာဘုန်းကြီးက အတော်စိုးရိမ် တယ်၊ ဘာကြောင့်တုံးဆိုတော့ ဒုက္ခသစ္စာဆင်းရဲတာတွေ့နေလို့ ဘုန်းကြီးက မကျေနပ်၊ (မှန်လှပါဘုရား)။

ဆင်းရဲတာနဲ့ ဒုက္ခဝေဒနာ ပြန်တွေ့နေတယ်၊ အဲဒါ ဒုက္ခသစ္စာမဟုတ်သေးဘူး၊ ဝိပရိဏာမ ဒုက္ခကို တွေ့ပါမှ ဒုက္ခ သစ္စာတွေ့သည်။ (မှန်လှပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘာတွေ့မှတုံး (ဝိပရိဏာမ ဒုက္ခတွေ့မှပါ ဘုရား)။

## ဒုက္ခလို့ညည်းတာ ဒုက္ခမဟုတ်ဘူး

ဒကာ ဒကာမတွေ၊ ခွေးကိုက်လို့ညည်း၊ ခလုပ်တိုက်လို့ ညည်း၊ နေတဲ့ ဒုက္ခ၊ ဩော် ဒုက္ခ၊ ဒုက္ခ၊ ဖြစ်မှ ဖြစ်ရလေ ဒုက္ခရယ်၊

ခွေးကိုက်လို့ ညည်းတာ၊ ခလုပ်တိုက်လို့ ညည်းတာ၊ အဲဒါ ဒုက္ခ မဟုတ်ဘူး၊ ဝေဒနာ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ကိုထွန်းအောင် ဒါတွေက ဘာတွေတုံး. . . (ဝေဒနာပါ ဘုရား)၊ အဲဒါ ဝေဒနာ ဒုက္ခညည်းနေ လွဲတော့မပေါ့. . . (မှန်ပါ့) ဒါမခံနိုင်လို့ ညည်းတဲ့ ဒေါသ။

ဒါ ခင်ဗျားတို့ ဉာဏ်နဲ့ညည်းတာ ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား)၊ အဲဒါတွေများ သွားသာစုခေါ်လို့ရှိရင်၊ ခက်လိမ်မယ်၊ ဝမ်းထဲက ဖြစ်တာ ငါဝမ်းသာလိုက်တာဆိုပြီး သာစုများ သွားမခေါ်နဲ့ ကိုယ်ပါလုံးပြီး အပါယ်ကျသွားမယ်၊ မကျ ပေဘူးလား. . . (ကျပါတယ်ဘုရား)။

အေး ဒါကြောင့် မြို့ထဲရွာထဲမှာ ခေါ်နေကြတာ၊ ဖြစ်မှ, ဖြစ်ရလေ ဒုက္ခ ဒုက္ခဆိုတာများ သွားသာစုမခေါ်နဲ့ . . . (တင်ပါ့ ဘုရား)၊ သူဝိပရိဏာမ ဒုက္ခမြင်လို့လား၊ မထိုင်ချင်လို့ ဒုက္ခဖြစ် ရတာလား . . . (မထိုင်ချင်လို့ ဒုက္ခဖြစ်ရတာပါ ဘုရား)။

## ဒုက္ခလို့ ညည်းတာ၊ သစ္စာမဆိုက်ဘူး

ဘယ်သူသေသတဲ့ ဆွေမျိုးထဲကဆိုရင် ဪ ဒုက္ခ ဒုက္ခ၊ အင်း. . . ဒါ သူ့အမျိုးသေလို့ သူဒေါမနဿဖြစ်လို့ ဒုက္ခညည်း တာ . . . (မှန်လှပါဘုရား)၊ ဒီဒုက္ခ ဘုန်းကြီးတို့က မကြိုက်ဘူး၊

သစ္စာ မဆိုက်ဘူး (တင်ပါဘုရား)၊ ဆိုက်ကဲ့လား ... (မဆိုက်ပါဘူးဘုရား)၊ မခံချင်လို့ ညည်းတဲ့ဒုက္ခတွေပါ ဒကာ ဒကာမတွေရဲ့ ... (မှန်ပါ ဘုရား)။

အင်း... ဒကာစိန်တို့က ဘုန်းကြီးတရားမနာရတာ အင်း, .. သူက ဒုက္ခအကြောင်း သိရှာလို့ ဒုက္ခလို့ညည်းရှာတာ လားလို့ အောက်မေ့တယ် မဟုတ်ဘူး ဒေါမနဿနဲ့ညည်းတာ ... (မှန်ပါဘုရား)၊ အလကားညည်းတာ (မှန်ပါ)၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)၊ ဝိပရိဏာမပါရဲ့လား ... (မပါပါဘူး ဘုရား)။

သူ့ ခန္ဓာထဲ ဝိပရိဏာမကိုလည်း မမြင်ဘူး၊ ဖြစ်တဲ့ ဒုက္ခ ကော ... (မမြင်ပါဘူးဘုရား)၊ ဒါဖြင့် ဝိပရိဏာမ ဒုက္ခမှ ဒုက္ခသစ္စာပဲ ဥစ္စာ၊ သူ့ဒုက္ခက အလကား ဒုက္ခပေါ့ဗျာ (မှန်လှပါ ဘုရား)၊ ကိုထွန်းအောင် သဘောပါပလား ... (ပါပါပြီ ဘုရား)၊ အေး... ဒါကြောင့် သာဓုခေါ်မည့်အရေး ပေမယ့် တွေးရဦးမည်ဆိုတဲ့ သဘောသည် ခင်ဗျားတို့ သေသေချာချာ စီစစ်သင့်တယ် ... (မှန်လှပါဘုရား)။

## ဝေဒနာဘယ်မှာလမ်းဆုံးသလဲ

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ အရိယာများ ရှာမှီးပုံ၊ ရှာမှီး တဲ့အကြောင်း ကိုဖြင့် ယခုပြောလာပြီ ... (မှန်လှပါဘုရား)၊

သုခ ဝေဒနာလည်း ဘယ်မှာလမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခမှာ လမ်းဆုံးပါ တယ်ဘုရား)၊ ဒုက္ခဝေဒနာ ဘယ်မှာလမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခမှာ လမ်းဆုံးပါတယ် ဘုရား)၊ ဥပေက္ခာ ဝေဒနာဘယ်မှာ လမ်းဆုံး . . . (ဝိပရိဏာမ ဒုက္ခမှာ လမ်းဆုံး ပါတယ်ဘုရား)။

အေး. . . ခင်ဗျားတို့ သန္တာန်ပေါ်ချင်တဲ့ ဓမ္မတွေပေါ်တဲ့၊ ပေါ်ချင်တာပေါ် ဣဿာပေါ်ပေါ်၊ မစ္ဆရိယပေါ်ပေါ်၊ လောဘ ပေါ်ပေါ်၊ ဒေါသပေါ်ပေါ်၊ ပူတာပေါ်ပေါ်၊ အေးတာပေါ်ပေါ်၊ တောင့်တာပေါ်ပေါ် တင်းတာပေါ်ပေါ်၊ ဒကာ ဒကာမတို့ ဘယ် လမ်းဆုံးတုံး . . . (ဝိပရိဏာမ ဒုက္ခမှာလမ်းဆုံးပါတယ်ဘုရား)။

## သစ္စာအမြင်မဂ္ဂင်ဖြစ်တယ်

အေး. . . ဒီလိုကျတော့မှ ဒကာ ဒကာမတွေက သဗ္ဗေ သင်္ခါရာ ဒုက္ခာဆိုတဲ့ဥစ္စာ ဒီဘက်ကျမှ ဒုက္ခဘက်သိမ်းဝင်သကိုဗျ . . . (မှန်လှပါဘုရား)၊ နို့မို့လို့ရှိရင် ဒုက္ခဘက်သိမ်းဝင်ပါ့မလား . . . (မဝင်ပါဘူးဘုရား)၊ အေး အဲဒီကဲ့သို့ ဝိပရိဏာမ ဒုက္ခကို မြင်မှသာလျှင် ဒကာ ဒကာမတို့ သစ္စာအမြင် မဂ္ဂင်ဖြစ်တယ်၊ . . . (မှန်လှပါဘုရား)၊ ကိုထွန်းအောင်ရေ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ဦးလှဘူး သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝိပရိဏာမ ဒုက္ခမြင်မှ သစ္စာမြင်သောကြောင့် မဂ္ဂင်ဆိုတဲ့ ဉာဏ်ပေါ်တယ် ...(မှန်လှပါဘုရား)၊ ဒကာစိန် သဘောကျပလား... (ကျပါပြီဘုရား)၊ ဝိပရိဏာမ ဒုက္ခမြင်မှ ဘာတုံး ... (မဂ္ဂင်ဆိုတဲ့ ဉာဏ်ပေါ်ပါတယ်ဘုရား)၊ အေး ... သစ္စာဖြစ်တဲ့ မဂ္ဂင်၊ ဟုတ်လား သစ္စာမြင်တဲ့ မဂ္ဂင် ...(မှန်လှပါဘုရား)၊ ဒုက္ခသစ္စာမြင်တဲ့ မဂ္ဂင်ဖြစ်တယ် ... (တင်ပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)၊ အဲဒီ ဝိပရိဏာမ ဒုက္ခ မမြင်ဘဲနဲ့ ဒုက္ခညည်းနေတာကတော့ ဒေါသနဲ့ ညည်းတာမှတ်ကြပေတော့ ... (မှန်လှပါဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

## ပေါ်တာတစ်မျိုး ပျောက်တာတစ်မျိုး

အဲဒီတော့ ဒကာ ဒကာမတို့ ဒါလေးတော့ဖြင့် ဉာဏ်လေး နဲ့ စူးစူးစိုက်စိုက်ကလေး ခန္ဓာတည့်ပေးမှသာလျှင် ရှေ့တင် ဝေဒနာ အဖြစ်နဲ့လည်း ပေါ်လာသေးရဲ့ ယခု ရှာပြန်တော့လည်း ဝေဒနာအပျက်နဲ့လည်းမတွေ့၊ ပျောက်ပျက် တာလေးသာ တွေ့နေတော့ရော ... ပေါ်တာတစ်မျိုး၊ ပျောက်တာတစ်မျိုးဖြစ်နေပါပေါ့လား ... (တင်ပါ့ဘုရား)၊ တယ်လဲ ဖေါက်ပြန်လွယ်ပါလားလို့ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီကျမှ ဖေါက်ပြန်တဲ့ ဝိပရိဏာမ ဒုက္ခကို ခင်ဗျားတို့ ဉာဏ်နဲ့ ဦးတည့်တာ . . . (တင်ပါဘုရား)။

အဲဒီ ရှင်ရဌပါလက ဒီလိုဟောလာတယ်၊ အရိယာများ ရှာမှီးတာကတော့ ဒီလိုဟ့ေ၊ ဝိပရိဏာမ ဒုက္ခရှာမှီးတာ . . . (တင်ပါ) ဝိပရိဏာမ ဒုက္ခရှာမှီးလိုက်တော့၊ ဒကာ ဒကာမတို့ ရှေ့တစ်ဆင့် တက်လိုက်ပါဦး။

ဝိပရိဏာမ ဒုက္ခတွေ့အောင်ရှာနိုင်တဲ့ ဒကာ ဒကာမ တွေကျတော့၊ ခင်ဗျားတို့၊ ဝိပရိဏာမ ဒုက္ခကိုတဲ့၊ တွေ့လည်း တွေ့ပါရောတဲ့၊ ဩော်. . . (၃၁) ဘုံထဲမှာဖြင့် ဝိပရိဏာမ ဒုက္ခဘုံကြီးပါလား ဖြစ်နေတယ် . . . (တင်ပါ)၊ ဦးလှဘူး ဖြစ်လား . . . (ဖြစ်ပါတယ်)။

## (၃၁) ဘုံထဲဘာဘုံကြီးပါလိမ့်

(၃၁) ဘုံထဲ ဘာဘုံကြီးပါလိမ့်. . . (ဝိပရိဏာမ ဒုက္ခဘုံကြီးပါဘုရား)၊ အဲဒီလို ခန္ဓာကိုယ်ကြီးကို မြင်ပြီးသကာလာတော့၊ ဩော်. . . ဝိပရိဏာမ ဒုက္ခဘုံကြီးဖြစ်နေလို့ရှိရင်၊ အဝိပရိဏာမ သုခဘုံဆိုတာ နိဗ္ဗာန်ပဲ. . . (တင်ပါ)၊ ဉာဏ်ကလှည့်သွားတယ်၊ မလှည့်လားဗျာ. . . (လှည့်ပါတယ်)။

ဒကာ ဒကာမတို့ ဝိပရိဏာမ ဒုက္ခကြီးကို မြင်တော့မှ အဝိပရိဏာမ နိရောဓကို မြင်တယ်၊ ရှင်ပလား . . . (ရှင်းပါပြီ)။

## ဝိပရိဏာမဒုက္ခမြင်မှ

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားမှာ၊ ဝိပရိဏာမ ဒုက္ခမြင်မှသာလျှင် အဝိပရိဏာမ နိရောဓကိုရောက်နိုင်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဝိပရိဏာမ ဒုက္ခကိုမြင်မှသာလျှင်၊ အဝိပရိဏာမ နိရောဓ ကို ရနိုင်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒကာစိန် နေရာကျ ပလား . . . (ကျပါပြီဘုရား)၊ ဘာတဲ့တုံး ကဲ . . . (ဝိပရိဏာမ ဒုက္ခကိုမြင်မှသာ အဝိပရိဏာမ နိရောဓကို ရနိုင်တယ် ပြောတာပါ ဘုရား)။

အေး. . . ဒကာ ဒကာမတို့ ယနေ့ကောင်းကောင်း ရှင်းပေးတယ်၊ ကိုထွန်းအောင်. . . (တင်ပါ့)၊ ယနေ့ ကောင်း ကောင်းရှင်းပေးမြီ။

## အဝိပရိဏာမနိရောဓ

နိဗ္ဗာန်၊ မအိုရာရှာပြီး ဝိပရိဏာမ ဒုက္ခမြင်မှ၊ အဝိ ပရိဏာမ နိရောဓဆိုတဲ့ နိဗ္ဗာန်ကြီးကို၊ ခင်ဗျားတို့ ရောက် နိုင်တယ်။

ဩော်. . . ဒါဖြင့် အရိယာတို့၏ ရှာမှီးခြင်းက ဝိပရိဏာမ ဒုက္ခကို မြင်တယ်၊အဝိပရိဏာမ နိရောဓကိုလည်း သူတို့ ဉာဏ် ရောက်တယ်လို့ မဆိုနိုင်ဘူးလား. . . . (ဆိုနိုင်ပါတယ်ဘုရား)။

အေး ဒါကြောင့် သူတို့က နှစ်ဘက်မြင်ပြီး ရှာမှီးတယ်၊ ကျုပ်တို့ ပုထုဇဉ်က စုံလုံးကန်း ရှာမှီးတယ်၊ မကွာလား. . . (ကွာပါတယ်ဘုရား)၊ ကိုင်း ကွာလိုက်တာ ကိုင်း ဒကာ ဒကာမတို့ ထူးထူးခြားခြားကြီး ကွာလာတယ်ဆိုတာဖြင့် ကျေနပ်သင့်ပါတယ်၊ ထူးထူးခြားခြား မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။

## ဒုက္ခမမြင်ဘဲနဲ့ နိဗ္ဗာန်မြင်တယ်ဆိုရင်

အေး ဒါကြောင့် ဝိပရိဏာမ ဒုက္ခ မမြင်ဘဲနဲ့၊ ကျုပ်နိဗ္ဗာန်မြင်တယ်ဆိုရင်ဖြင့်၊ ဒီလူ အရူး . . . (မှန်လှပါဘုရား)၊ အရူးပဲ၊ အရူးပဲ။

အဲ . . . ဦးလှဘူး၊ ဝိပရိဏာမ ဒုက္ခ မမြင်ဘဲနဲ့ အဝိပရိဏာမ နိရောဓဆိုတာကြီး မြင်တယ်ဆိုရင်၊ ဘာဆိုကြမယ် . . . (အရူးပါဘုရား)၊ အရူးဆိုရမယ်တဲ့ အရိယာတို့၏ ရှာမှီးခြင်းနဲ့ မကိုက်ဘူး . . . (တင်ပါ့)။

အရိယာတို့၏ ရှာမှီးခြင်းက၊ ဝိပရိဏာမ ဒုက္ခမြင်မှသာလျှင် အဝိပရိဏာမ နိရောဓကိုလည်း၊ မျက်မှောက်ပြုနိုင်တယ်ကိုဗျ. . . (တင်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒကာစိန်ရေ ဒီနေ့ ရှင်းပုံကို ကြပ်ကြပ် ဂရုစိုက်ပါ . . . (မှန်လှပါဘုရား)။

ဒါတွေကို ရှင်းကြပါ၊ ဒါလေးကို ရှင်းကြပါ၊ နိဗ္ဗာန်မြင်တယ်၊ နိဗ္ဗာန်မြင်တယ်ဆိုတာ ဒကာ ဒကာမတွေက၊ အင်း. . . ဘယ်နှယ်ကြောင့် နိဗ္ဗာန်မြင်နိုင်၊ တွေ့နိုင်ကြပါလိမ့်မလဲ ဆိုတာ ဖြင့် အဖြေထွက်လာတယ်။

## အဝိပရိဏာမ နိဗ္ဗာန်

ဩော်. . . သူတို့ ဝိပရိဏာမ ဒုက္ခ မြင်သောကြောင့် အဝိပရိဏာမ နိရောဓ မြင်တာကိုး ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒါဖြင့် နိဗ္ဗာန်သည်ကားဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဝိပရိဏာမ ဒုက္ခမမြင်ဘဲနဲ့၊ အဝိပရိဏာမ နိဗ္ဗာန်ကို မဖေါက်ပြန်ခြင်းရှိတဲ့ နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား. . . (မမြင်နိုင်ပါဘူးဘုရား)။

ဒါဖြင့် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်များ၊ ဘာမြင်လို့ ဘာမြင်တာ ဆိုတာဖြင့်၊ ကောင်းကောင်း ရှင်းသွားပြီ၊ မရှင်းသေးဘူးလား . . . (ရှင်းပါပြီ)။

## ရှေးဦးစွာဘာမြင်သတုံး

ရှေးဦးစွာ ဘာမြင်သတုံး ဒကာ ဒကာမတို့. . . (ဝိပရိဏာမ ဒုက္ခကို မြင်မှ အဝိပရိဏာမ နိရောဓကို မျက်မှောက်ပြုနိုင်ပါတယ် ဘုရား)၊ အေး . . . ဒကာစိန်ရ ဒီတစ်လုံးတင်ပဲ ခင်ဗျားတို့ သေပျော်တဲ့တစ်လုံး . . . (တင်ပါ့ဘုရား)။

နို့မို့လို့ရှိရင်၊ နိဗ္ဗာန်သည်ကားလို့ ဆိုရင် ဆုတောင်းနဲ့ရတယ်လို့လည်း မှတ်လိုက်လိမ့်မယ်. . . (တင်ပါ့ဘုရား)။

## ဥဒယဗ္ဗယဉာဏ်တန်ခိုးပြတာ

ဒါပေမဲ့ ငြိမ်းတာ၊ အေးတာလေးကိုလည်း၊ အင်း. . . ဒါလေးဟာ နိဗ္ဗာန်ပဲလို့ ဥဒယဗ္ဗယဉာဏ် တန်းခိုးပြတာကိုလည်း၊ နိဗ္ဗာန်ပဲလို့လည်း မှတ်ချင် မှတ်လိုက်လိမ့်မယ်. . . (တင်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

အခုဟာကတော့ဖြင့် အင်း. . . နိဗ္ဗာန်တွေ့တယ်၊ နိဗ္ဗာန်တွေ့တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ် ဆိုတာဟာ၊ ဝိပရိဏာမ ဒုက္ခမြင်ပြီးတဲ့ ပုဂ္ဂိုလ်မှ၊ အဝိပရိဏာမ နိရောဓ မျက်မှောက် ပြုတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခပိုင်းခြားသိတဲ့ ပုဂ္ဂိုလ်မှ

ဝိပရိဏာမ ဒုက္ခကို ပိုင်းခြားသိတဲ့ ပုဂ္ဂိုလ်မှသာလျှင်၊ အဝိပရိဏာမ ဖောက်ပြန်ခြင်း မရှိတဲ့ နိရောဓကို သေသေချာချာရနိုင်ပါတယ်. . . နို့မို့လို့ရှိရင်ဖြင့် ဘယ်လိုပဲ လုပ်နေနေ မရောက်ဘူး၊ . . . ရောက်ပါ့မလား. . . (မရောက်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အေး ဒါကြောင့်. . . တော်တော်အဖိုးတန်တယ်ဆိုတဲ့ ဒီနှစ်လုံးတင်ပဲ၊ အရိယာတို့၏ ရှာမှီးခြင်းက၊ ဒီလိုနှစ်ဘက်မြင် ရှာတယ်၊ ဆိုတာကော၊ ဒကာစိန်ရာ ကျေနပ်ဖို့ကောင်းပါတယ် . . . (ကျေနပ်ပါတယ်ဘုရား၊ တကယ်အဖိုးတန်ပါတယ်)။

## ဆရာဘုန်းကြီးပေးတဲ့နည်း ဘယ်လိုကြိုးစားရမှာလဲ

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ငါတို့ ဘယ်အခြေအနေ ရောက်လို့ ဘယ်အခြေအနေဆိုက်အောင်၊ တို့ဆရာဘုန်းကြီးပေး ထားတဲ့နည်း ဘယ်လိုကြိုးစားရမှာလဲ ဆိုတာ ပေါ်လာကြပြီ. . . (ပေါ်လာပါပြီဘုရား)။

အင်း ဝိပရိဏာမ ဒုက္ခရောက်အောင်ဖြင့်၊ တို့ဉာဏ်တက် ရလိမ့်မယ်ပော့၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ရထားခုနစ်စင်းပေါ် တက်မိပြီ

တို့ဉာဏ်တက်ရလိမ့်မယ်၊ ဝိပရိဏာမ ဒုက္ခကို တို့မြင်တဲ့ အခါကျတော့၊ ရထားက ပောထားတဲ့၊ ရထဝိနီတသုတ်မှာ ဖြင့် ခုနှစ်စင်းပေါ် တက်မိပါပြီ၊ ဟုတ်ပလား. . . (ဟုတ်ပါတယ် ဘုရား)၊ ရထားခုနှစ်စင်းလို့ မပြောခဲ့ဘူးလား. . . (ပြောပါတယ် ဘုရား)။

ခုန္နစ်စင်းပေါ် တက်မိလို့ရှိရင်ဖြင့် နန်းတော်အိမ်တော်နဲ့ တူတဲ့ နိဗ္ဗာန်ကြီးကို၊ အဝိပရိဏာမ နိရောဓ ဘက်ဆင်းရုံရှိ တော့တယ်. . . သဘောကျပလား . . . (ကျပါပြီ)။

## နိဗ္ဗာန်ကြီးကိုဆင်းရုံပဲ

အဝိပရိဏာမ နိရောဓဘက်ကို ဒကာ ဒကာမတို့ ဆင်းရုံပဲ . . . (မှန်ပါ့)၊ ဝိပရိဏာမ ဒုက္ခကို မြင်ပြီလို့ ဒကာဒကာမတွေ့ လို့ရှိရင်၊ အဝိပရိဏာမ နိရောဓဆိုတဲ့ မိမိတို့၏ နန်းတော်၊ အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန်ကြီးကို ဆင်းရုံပါပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပရိဏာမ ဒုက္ခကို မမြင်သေးရင် ဘယ်နည်းနဲ့မှ နန်းတော်၊ အိမ်တော်နဲ့ တူတဲ့ အဝိပရိဏာမ နိဗ္ဗာန်ကြီး မဆင်းနိုင်သေး. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ရထားစီးတုန်းပဲလို့သာ မှတ်ရမယ်၊ ဆင်းဖို့အချိန်ရောက်ပလား. . . (မရောက်သေးပါဘုရား)၊ အဲဒါ. . . ဒကာစိန် သေသေချာချာမှတ်ပါ၊ ဒါဖြင့် တို့သည်၊ တို့ဆရာ ဘုန်းကြီးက၊ ရထားခုနစ်စင်းနဲ့ နိဗ္ဗာန်ဝင်လမ်းကို၊ ပြောထားတဲ့ အနက်က အခုဟာ သတ္တမရထားပေါ်နေပါကလားလို့ ဆိုတာကော ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

## ဒါသေသေချာချာမမေ့စေနဲ့

အေး သတ္တမရထားက ဘာမြင်မှသာလျှင်တုံး ဆိုတာ သဘောကျပလား. . . (ကျပါပြီ)၊ ဘာမြင်ရမလဲ. . . (ဝိပရိဏာမ ဒုက္ခမြင်မှ အဝိပရိဏာမ နိရောဓကို မျက်မှောက်ပြုနိုင်မှာပါ ဘုရား)။

ဒကာစိန် ဒါသေသေချာချာမမေ့စေနဲ့၊ ဒါ အရေး အကြီးဆုံး ဦးလှဘူးရေ. . . (မှန်လှပါဘုရား)။

ကိုင်း ဝိပရိဏာမ ဖြစ်ပုံတွေကိုလည်း၊ အစကတည်းက ဘုန်းကြီးက ရှင်းခဲ့ပါတယ်၊ မရှင်းခဲ့ဘူးလား. . . (ရှင်းခဲ့ပါတယ် ဘုရား)။

## ဝေဒနာဆိုပြီးအပျက်တွေ့တယ်

ပထမက ဝေဒနာတဲ့ဗျာ၊ နောက်ဉာဏ်နဲ့ရှာလိုက်တော့ ဘာတွေ့သလဲ. . . (အပျက်တွေ့ပါတယ်)၊ အပျက်တွေ့တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ရှာလိုက်တော့ ဘာတွေ့လဲ. . . ( အပျက်တွေ့ပါတယ်ဘုရား)၊ ဝေဒနာဆိုပြီး အပျက်တွေ့တာ ဘာတုံး . . . (ဝိပရိဏာမပါဘုရား)၊ ဝိပရိဏာမဖြင့် ဒုက္ခပဲ၊ ဝေဒနာဆိုပြီး ရှာတော့ ဘာတွေ့လဲ

. . . (အပျက်တွေ့ပါတယ်)၊ ဒါဖြင့် သူ့ဘာယ်နှယ်ဆိုကြမလဲ၊ ဝိပရိဏာမ ဒုက္ခ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပထမက ခန္ဓာကိုယ်ပေါ်၊ ပေါ်လာတုန်းက ဘာတဲ့ . . . (ဝေဒနာပါဘုရား)၊ ဝေဒနာပဲ ဆိုပြီးကြည့်လိုက်ပါရော ဘာတွေ့ လဲ. . . (အပျက်တွေ့ပါတယ်)၊ အဲဒီတော့ ဘာတွေ့ တယ်ဆိုကြမယ်. . . (ဝိပရိဏာမ ဒုက္ခတွေ့ပါတယ်)။

## ကမ်းကုန်လမ်းကုန်ရှုလိုက်

အင်း ဝိပရိဏာမ ဒုက္ခတွေ့တယ်ဆိုလို့ရှိရင်၊ အဲဒီ ဝိပရိဏာမ ဒုက္ခကို ဒကာ ဒကာမတွေက ကမ်းကုန်၊ လမ်းကုန်ရှုလိုက် . . . (မှန်ပါ့)၊ ဟုတ်ပလား ပေါ်တိုင်း ပေါ်တိုင်း ရှုလိုက်ပြီဆိုမှဖြင့် ဝိပရိဏာမ ဒုက္ခအဆုံးမှာ၊ ဉာဏ်လည်းဆုံးပါရော အဝိပရိဏာမ နိရောဓဆိုတာကြီးက ခင်ဗျားတို့ ကိုယ်တိုင်၊ ကိုယ်ပိုင်ရမယ်၊ (တင်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒီနှစ်လုံးပဲရှိတယ် ဒကာ ဒကာမတို့ အင်မတန်အဖိုး မတန်ဘူးလား. . . (တန်ပါတယ်ဘုရား)၊ အေး. . . ဦးလှဘူးရ သိပ်နေရာကျတယ်နော်. . . (ကျပါတယ်ဘုရား)၊ အင်မတန် အဖိုးတန်တယ်ဆိုတာ ဒကာ ဒကာမတို့။

## တို့ဘယ်အတန်းရောက်ပြီလဲ

ဒါဖြင့် တို့ရှုတာ၊ တို့ဆရာဘုန်းကြီးက ခိုင်းလို့ တို့ရှုနေကြတယ်၊ ပွားများနေကြတယ်၊ တို့ဘယ်အဆင့် ဘယ်အတန်းရောက်ပြီဆိုတဲ့ ဥစ္စာဖြင့် ဝိပရိဏာမ ဒုက္ခကြီး မြင်မှသာလျှင်၊ ဒုက္ခသစ္စာပိုင်းခြားတာ လမ်းဆုံး၍ အဝိပရိဏာမ နိရောဓကို ခင်ဗျားတို့ရောက်မယ်။

## ဒုက္ခသစ္စာ

ကိုင်း ဒါဖြင့် သစ္စာဖွဲ့ကြည့်လိုက်တော့ ခင်ဗျားတို့ ရှင်းသွားတယ် . . . (တင်ပါ့) ဝိပရိဏာမ ဒုက္ခက. . . ဒုက္ခသစ္စာ၊ ဝိပရိဏာမ ဒုက္ခမှန်းသိတာက (မဂ္ဂသစ္စာပါဘုရား)၊ အင်း ဒါဖြင့် အဝိပရိဏာမ နိရောဓကို ထိန်းရတာက နိရောဓသစ္စာ၊ မျက်မှောက်ပြုတာနော်။

## နိရောဓသစ္စာ

အဝိပရိဏာမ နိရောဓက ဘာဘုံး . . . (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာဆိုသဖြင့်၊ ဝိပရိဏာမ၊ မြင်နေတုန်းကို ဝိပရိဏာမ၊ ရှေ့က မမြင်တာတွေ ကန့်ကွက်နေတာတွေ မရှိလို့ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ဒါဖြင့် မမြင်အောင် ကန့်ကွက်တဲ့တရားတွေ ချုပ်မသွားဘူးလား. . . (ချုပ်သွားပါတယ်ဘုရား)၊ အဲဒါက အဝိဇ္ဇာနဲ့ တဏှာချုပ်သွားတာ၊ သမုဒယချုပ်သွားတာ၊ သဘောကျပလား (ကျပါပြီဘုရား)။

## မဂ္ဂသစ္စာ

သစ္စာလေးပါးပြည့်ရဲ့လား. . . (ပြည့်ပါပြီဘုရား) ဝိပရိဏာမက၊ ဝိပရိဏာမ ဒုက္ခက ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ ဝိပရိဏာမ ဒုက္ခမြင်တာက. . . (မဂ္ဂသစ္စာပါဘုရား)၊ အဝိပရိဏာမဘက် ဆက်သွားတာက . . . (နိရောဓသစ္စာပါဘုရား)။

အဲဒီတင် တစ်ခါတည်း၊ ဝိပရိဏာမ၊ မမြင်အောင်ပိတ်ပင်တားဆီးထားတာတွေက ဘယ်ရောက်ကုန်သလဲ. . . (ချုပ်သွားပါတယ်ဘုရား)၊ အဲဒါတွေက ဘာတုံး . . . (သမုဒယတဏှာပါဘုရား)၊ သမုဒယချုပ်တာ ရှင်းပလား. . . (ရှင်းပါပြီ)၊ သမုဒယ တဏှာမဆိုနဲ့ ရှိနေရင် ချုပ်မှာမဟုတ်ဘူး၊ သဘောကျပလား . . . (ကျပါပြီ)။

## သမုဒယချုပ်တာ

ဝိပရိဏာမ ဒုက္ခကို ရှေးမှ မမြင်အောင် တားဆီးပိတ်ပင်တဲ့တရားတွေက ဘယ်ရောက်ကုန်လဲ. . . (ချုပ်သွားပါတယ်

ဘုရား)၊ အေး. . . အဲတာက သမုဒယချုပ်တာကို ခေါ်တယ် သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့၊ ဒီပဋ္ဌာသအဋ္ဌကထာကလည်း မင်းတို့သည်၊ ဝိပရိဏာမ၊ သမုဒယသစ္စာတွေ ချုပ်ပါစေတော့၊ ဝိပရိဏာမ ဒုက္ခကြီးကို မြင်ပါစေတော့၊ မင်ပေါ်ပါစေတော့လို့ မင်းတို့က လုပ်မနေနဲ့၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာမှ မင်းတို့က လုပ်စရာမရှိဘူးတဲ့၊ မင်းတို့က လုပ်စရာ မရှိဘူး ပွားမြဲတိုင်း ပွားများနေတာနဲ့ ဉာဏ်ရင့်ပြီး မင်ဖြစ်လာ တာ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဆုတောင်းလို့မရဘူး

ခင်ဗျားတို့က ရင့်ချင်ပါတယ်လို့ ဆုတောင်းလို့မရပါ ဘူး. . . (မရပါဘုရား)၊ ခင်ဗျားဟာ ခင်ဗျားတို့ ပွားမြဲတိုင်း ပွားများပြီးသကာလ၊ အစဉ်အတိုင်း ပွားများတာနဲ့ ရင့်ကျက် သွားခြင်းကြောင့်၊ မင်ဖြစ်လာတာ၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## ပွားများမှုရင့်မှ မင်ဖြစ်နိုင်တယ်

မင်ဖြစ်အောင်သည် ပွားများမှု ရင့်မှသာလျှင် မင်ဖြစ်နိုင် တယ်ဆိုတာ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ပွားများမှု ရင့်ကျက်မှုသည်၊ ပွားများမှု ရင့်သန်မှုသည်၊ မဂ်ဉာဏ်၏ ဖြစ်မှုပဲ. . . (တင်ပါ့)။

ပွားများမှုသည်၊ ဝိပဿနာ၊ ဟုတ်လား၊ ရင့်ကျက်တဲ့အဆုံးမှာ မဂ်ဉာဏ်ဖြစ်၏ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ရဋ္ဌပါလသတို့သား

အေး ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ရဋ္ဌပါလသတို့သားဟောထားတယ်၊ ရဋ္ဌပါလသတို့သားဆိုတာ တခြားမဟုတ်ဘူး၊ ကုရုတိုင်းမှာ သူဌေးသားပါပဲ။

ကုရုတိုင်းဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ လာပြီးတရားဟောလာတယ်၊ တရားဟောလာတဲ့အခါကျတော့၊ တရားနာကြည့်လိုက်တယ် အခုကဲ့သို့ ဝေဒနာတွေဟောနေတဲ့အခါ. . . (မှန်ပါ့)။

တရားနာကြည့်လိုက်တဲ့ အခါကျတော့ အဲ. . . ဒီတရားက အိမ်မှာ အားထုတ်လို့တော့ ဖြစ်မှာမဟုတ်ပါဘူး၊ သားရေးသမီးရေး၊ စီးပွားရေးနဲ့ သက်နီးဝတ်အားထုတ်မှရမယ် . . . (တင်ပါ့)။

## သက်န်းဝတ်လို့ကြောင်း လျှောက်တယ်

ဒီအတိုင်းဆုံးဖြတ်ချက်ချဒါနဲ့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးလူစဲတဲ့ အချိန်သူဝင်ပြီး လျှောက်တယ် တရားနာတာနဲ့ . . . (မှန်ပါ့)။

အရှင်ဘုရားတပည့်တော် သာသနာတွင်းအားထုတ်မှ ဒီတရားအားထုတ်မှ ဒီတရားရမယ်ဆိုတာ သဘောကျတယ်၊ ဘုရားတပည့်တော်သိပြီ၊ ဒီအတိုင်းအားထုတ်လို့ မပွားများ ဘဲနဲ့တော့ ဝိပရိဏာမ ဒုက္ခမမြင်မြင်အောင်ဆိုတဲ့ ဉစ္စာကလည်း၊ အတော် လေးကြိုးစားမှ အဝိပရိဏာမ နိဗ္ဗာန်ရောက်မယ် . . . (တင်ပါ့)။

သားရေး သမီးရေး စီးပွားရေးနဲ့သာ အလုပ်လုပ်နေလို့ ရှိရင် တပည့်တော်ဖြစ်မယ်မထင်ဘူး၊ ဒါကြောင့် သာသနာတွင်း ကို တပည့်တော် ရဟန်းအသွင်အပြင်နဲ့နေချင်တယ်. . . (တင်ပါ့)။

## မိဘခွင့်ပြုရင်ဝတ်တာပေါ့

အဲ. . . မင်းမှာ အမေ မိဘရှိသလား. . . ရှိတယ်၊ အဲဒါ တိုင်ပင်ဦးကွာ၊ သူတို့ခွင့်ပေးရင် ဝတ်တာပေါ့. . . (တင်ပါ့)။

သို့သော် အမေ မိဘဆီပြန်သွားတော့ အမေ အဖေတွေ က သားတစ်ယောက်တည်းရယ်လို့ ဘယ်မှာ သာသနာတွင်း ချီးမြှောက်နိုင်ပါ့မတုံး။

မချီးမြောက်နိုင်တော့ ရဋ္ဌပါလ၊ သားတစ်ယောက်တည်းရှိတာ ဒီရွှေ ဒီငွေတွေဟာ သုံးမကုန်၊ စွဲမကုန်၊ တွေတာ မင်းပဲဆိုင်၊ မင်းပဲ ပိုင်တဲ့ဥစ္စာ၊ တို့အမွေခံ မရှိဘူး . . . (မှန်ပါ့)၊ မင်းကို ခွင့်မပေးနိုင်ဘူး၊ ခွင့်မပေးနိုင်လို့ရှိရင်၊ ကျုပ်တော့ ဝတ်ရမှာပဲဆိုပြီး၊ ထမင်းမစားဘဲ နေလိုက်တယ်၊ မြေပေါ်မှာ အိပ်နေလိုက်တယ် . . . (တင်ပါ့)။

## သင်္ကန်းဝတ်ခွင့်မပေးရင် အသေခံမယ်

မြေပေါ်မှာ အိမ်ပြီးသကာလ၊ တစ်နေ့စားနိုး၊ တစ်နေ့စားနိုးနဲ့ ခြောက်ရက်မြောက်တယ်၊ ထကိုမထဘူး၊ သင်္ကန်းဝတ်ခွင့်ပေးရင်ပေး၊ မပေးရင် ဒီမြေပေါ်အသေခံမှာကိုးဗျာ . . . (တင်ပါ့)။

ဒါနဲ့ သူ့သူငယ်ချင်းတွေခေါ်ပြီး သကာလ၊ အမေ မိဘတွေက၊ ပြောကြစမ်းပါဦး၊ ဒီသားတစ်ယောက်တည်း ဘယ့်နှယ်လုပ်ပြီး သင်္ကန်းဝတ်၊ သာသနာတော်တွင်း သွတ်သွင်းပြီးသကာလ၊ ခွဲပြီးနေဖို့ အရေးဟာ ကျုပ်တို့ဖြင့် တွေးကိုမတွေးနိုင်ဘူး (တင်ပါ့)။

ဆိုပြီးသကာလ၊ အလွန်ပင် စိုးရိမ်နေတော့၊ သွားပြောကြတာ၊ သူ့သူငယ်ချင်းကာလသား အဖော်တွေက၊ သွားပြောတဲ့အခါကျလို့ရှိရင်ဖြင့် ၊ မရတော့ဘူး ကျုပ်က သင်္ကန်းကိုဝတ်ရမှာ၊ ခင်ဗျားတို့ ဘာပြောပြောဆိုတော့ ခုနက သူငယ်ချင်း မိတ်ဆွေတွေက သွားပြောကြတယ်. . . (တင်ပါ့)။

မအေ မိဘတို့ ခင်ဗျားတို့ဟာ လွန်ကုန်ပြီ၊ မနက် ခုနစ်ရက်ရှိရင် သေတော့မယ်၊ အခု ခြောက်ရက်ရောက်ပြီ အဲဒီတော့ သင်္ကန်းဝတ်ပေးလိုက်တာကမှ သားလေးရယ်လို့ မြင်ရလိမ့်ဦးမယ်၊ ဒီအတိုင်းဆိုရင် သေဖို့သာရှိတော့တယ် . . (တင်ပါ့ဘုရား)။

## ဘုရားထံသွားပြီးသင်္ကန်းဝတ်တယ်

အဲဒီတော့ မိဘတွေက မတတ်နိုင်တော့၊ ကဲကွာ ဝတ်ပါစေ၊ မတတ်နိုင်ဘူးဆိုပြီး မျက်ရည်စက်လက်နဲ့ . . . (တင်ပါ့)၊ ခွင့်ပေးလို့ ဘုရားဆီသွားပြီး သင်္ကန်းဝတ်. . . (တင်ပါ့)။

ဝတ်ပြီးသကာလ ဒကာ ဒကာမတို့ ကုရုတိုင်းကနေ ဘုရားသခင်ကြွရာ သာဝတ္ထိပြည်လိုက်သွားတယ်. . . (တင်ပါ့)။

လိုက်ပြီးသကာလ တရားဓမ္မ အခုကဲ့သို့၊ ဝိပရိဏာမ ဒုက္ခက အဝိပရိဏာမ နိရောဓကို ကြိုးစားတော့တာပဲ၊ တစ်ခါတည်း ဝေဒနာတွေပေါ်လာတဲ့အခါ ဝိပရိဏာမ ဖြစ်အောင် သူကြည့်တယ်။

အဲဒီတော့ အခု ဒကာ ဒကာမတွေမှာတော့ ကြည့်နည်းနဲ့ပါပြောရတာ၊ သူ့ပညာကတော့ ဘယ်ဟုတ်မလဲ၊ ဘုရားက မင်းသည်ကားလို့ ဆိုရင် ဝိပရိဏာမ ဒုက္ခတွေရှိတယ်ဟော့၊ အဲဒါ အဝိပရိဏာမ ဒုက္ခဖြစ်အောင် မင်းလုပ်ပေတော့. . . (တင်ပါ့)။

## ဒုက္ခသစ္စာမြင်ပြီးရဟန္တာဖြစ်တယ်

ဆိုပြီးသကာလ ဘုရားက ဟောလိုက်တဲ့အတိုင်း သူကျင့်ကြံတော့ကို၊ ဝိပဿနာမ ဒုက္ခတွေ မြင်တက်ပြီးသကာလ ဒုက္ခသစ္စာမြင်သွားဒါကို ဒုက္ခသစ္စာမြင်တော့၊ သမုဒယသစ္စာက သေသပေါ့ဗျာ၊ မဂ္ဂသစ္စာက မြဲစဲပဲ၊ မြင်နေတာပေါ့၊ အဲဒီတင် နိရောဓသစ္စာက တစ်ခါတည်း ပေါ်လာတယ်၊ မဂ္ဂသစ္စာပေါ်ရင် သူပေါ်တာကို . . . (တင်ပါ့)။

အဲဒီတင် ရဟန္တာဖြစ်တယ်ဆိုကြပါစို့ ရဟန္တာဖြစ်ကရော ရဟန္တာဖြစ်လို့ (၁၃)၊ နှစ်ရတယ်။

(၁၃) နှစ်ရတော့ အမေ အဖေတွေကလည်း၊ မျက်ရည်နဲ့ မျက်ခွက်၊ ဒီလိုချည်းပဲ၊ လွမ်းဆွတ်တဲ့ စိတ်တွေဘယ်လိုမှ မပျောက်ဘူး၊ သားစိတ်နဲ့ သာနေတယ်။

ရဟန်းတွေရွာထဲ ဆွမ်းခံလာရင်၊ သူတို့က ဆဲသေးတယ် သားလေးတစ်ယောက်တည်း၊ မငဲ့မညှာ၊ သူတို့ပဲ ခေါ်သွားတာပဲ အစရှိသဖြင့် ဆဲလည်းဆဲ၊ ဆိုလည်းဆိုလိုက်သေးတယ်။

## ရဋ္ဌပါလရဟန္တာ မိဘထံပြန်တယ်

တစ်နေ့သဍ်ကျတော့ ရဋ္ဌပါလသည်ကားလို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဘုရားဆီသွားလျှောက်တယ်၊ အရှင်ဘုရား တပည့်တော် မိဘရပ်ထံ ပြန်ပြီးသကာလ သူတို့ကို ချီးမြှောက်ပါ ရစေဦး။

အဲဒီတော့၊ ငါသားတော်က ရဟန္တာဖြစ်နေပြီ၊ ဒီကိစ္စ ဘယ်လိုပဲ လှုပ်ရှားရှားမရဘူး ဆိုပြီးလွှတ်လိုက်တယ်။

လွှတ်လိုက်တော့ ဒီကောရဗျမင်းကြီး ဥယျာဉ်ထဲ ဝင်ပြီး ခဏ သစ်ပင်ရင်းမှာပဲ တစ်ညလောက်တည်း ခိုပြီးသကာလနေပြီး မြို့ထဲ သူ့အဖေအိမ်နားပဲ ဆွမ်းခံသွားတာပဲ. . . (တင်ပါ့)။

## သူ့အဖေက ဆဲတုန်းရှိသေးတယ်

သူ့အဖေက ဆဲတုန်းရှိသေးတယ်၊ သူ့သားမြင်လည်း ဆဲတုန်းပဲ၊ သူ့သားရယ်လို့ မသိဘူး၊ ဒီရဟန်းတွေ ဒီဦးပြည်း ရဟန်းတွေကြောင့် ငါ့သား ဒီလိုဖြစ်ရတာ၊ ကိုယ့်သားကို ဆဲချင် ဆဲနေတာ၊ သူကို ဘေးက ရဟန်းမှတ်နေတာပေါ့ဗျာ . . . (တင်ပါ)။

နောက်တစ်နေ့တစ်ခါ ဆွမ်းခံလာပြန်တော့ သူ့အိမ်မှာ ကျွန်မက မယောမုန့်တွေ ကျန်နေတဲ့ မနေ့က စားသုံးတာ ကျန် နေတာ ချဉ်ပြီး သကာလ နေတော့ ပြင်ဘက်၊ ခြံဝင်းပြင်ဘက်ကို သွန်မလို့လာတော့၊ ရဋ္ဌပါလက ဆွမ်းခံလာတာနဲ့ ကြုံတယ်။

ကြုံတဲ့အခါကျ‌တော့စွန့်မည့်ပစ္စည်းကျတော့ ရဟန်းများ က ပံ့သကူဆိုပြီးတော့ အလှူခံကောင်းတယ်. . . (တင်ပါ့)။

## စွန့်ပစ်မည့်ပစ္စည်း သပိတ်ထဲလောင်းပါ

ဒါနဲ့ ခုနက ကျွန်မက ပုံသကူ သူစွန့်မလို့ ဒါတွေသွန်မလို့ ခွေးတွေဘာတွေ စားစား ဘာစားစား ကျွေးမယ်လို့ လာတော့ ဒကာမကြီး ဒါတွေ သွန်မှာလား၊ ဒီပစ္စည်း၊ သွန်မှာပါဘုရား၊ စွန့်ပစ်မှာဘုရား၊ အဲ မသွန်နဲ့ ဒီပစ္စည်း ငါ့သပိတ်ထဲလောင်းလိုက် . . . (တင်ပါ့)၊ ရဋ္ဌပါလ ရဟန္တာကပေါ့ဗျာ အဲဒီမှာတင် ရဋ္ဌပါလ ရဟန္တာ ကိုလောင်းလိုက်တဲ့အခါကျတော့ သူယူပြီးသကာလ ဥယျာဉ်ထဲ သွားတော့ ကျွန်မက မှတ်မိတယ်၊ ခြေလက်အင်္ဂါက အင်း . . . တို့အိမ် ကအရှင် သခင်ပဲ ဒီဥစ္စာ. . . (မှန်ပါ့)။

ဆိုပြီး မှတ်မိတော့၊ ခုနက သူဌေးကတော်နဲ့ သူဌေးကြီး သွားပြောတယ်၊ သွားပြောပြီး၊ ကျမတို့ သားလာတယ်၊ ကျမတို့ အရှင်သခင်ပဲ၊ ဆွမ်းခံလာတာဖြင့် . . . (မှန်ပါ့ဘုရား)။

## သူဌေးသားက ထမင်းသိုးတွေစားရသလား

ဟုတ်ကဲ့လား၊ ဟုတ်တယ်၊ ခြေရော၊ လက်ရော၊ အကုန် တူတယ်မှတ်မိတယ်၊ အေး ဒါဖြင့် လိုက်မှပဲဆိုတော့၊ ဟိုက ထမင်းသိုး၊ ဟင်းသိုးတွေ၊ ဥယျာဉ်ထဲစားနေတယ်။

စားပြီးသကာလနေတော့၊ အဖေကြီးက၊ ကဗျာကယာ မျက်ရည်တွေကျလို့ပေါ့လေ၊ အမလေး သူဌေးသားက ဒီဟာတွေ ချားစားနေရသလား၊ အစရှိသဖြင့် . . . (တင်ပါ့)။

## ခန္ဓာကိုယ်မျှတရုံစားတယ်

မဟုတ်ဘူးတို့မှာတော့၊ ရသာတဏှာနဲ့ စားတာမဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးကို သူတော်ကောင်းအလုပ်လုပ်နိုင်ရုံ မျှတရုံမှန်းပြီး သကာလစားတာဆိုတော့၊ ဒကာ ဒကာမတို့၊ ဒုက္ခဝေဒနာကိုပင်လျှင် သူတို့က နှလုံးသွင်းတတ်တော့ သုခဖြစ်တယ်။

ကျန်တာ၊ သိုးတာတွေ စားတာကိုပင်လျှင်၊ အသုဘကို တစ်ခါတည်း အင်. . . ဓာတ်လေးပါးလုပ်ပြီး စားနေတယ်. . . (တင်ပါ့)၊ အဲဒီတော့ သူတို့အရသာမရှိဘူး၊ ဘာမှ မဟုတ်ဘူး ဓာတ်လေးပါး အဖြစ်နဲ့ပဲ သုံးဆောင်လိုက်တာပဲ ဆိုတော့၊ သူတို့တော့ ပြောင်းလို့ရတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဓာတ်လေးပါးအဖြစ်နဲ့သုံးဆောင်တယ်

အဲဒါ အရိယာဖြစ်လာလို့ရှိရင် အချဉ်၊ အသိုးပေမယ့် ဓာတ်လေးပါးအဖြစ်နဲ့ စားလိုက်တာပဲ။

ခင်စရာ၊ မင်စရာတွေ့လို့ရှိရင် အသုဘဖြစ်အောင် သူတို့က ရှုနိုင်တယ်၊ ဒီလို သူဟာ သူပြောင်းလို့ရတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

အဲဒီလို ပြောင်းပြီးသကာလ သူသုံးဆောင်ပြီး သကာလ၊ နေတာ သူသားကို သူအဖေကြီးက၊ နက်ဖြန်အိမ်ပြန် မဖြစ်ဘူး၊ ဒီဟာတော့ မစားနဲ့ အိမ်လိုက်ပြီးတော့ ကောင်းတာတွေ ဘုန်းပေးပါဦးလားပေါ့ဗျာ။

## ရဋ္ဌပါလကို ဆွမ်းစားပင့်တယ်

အေး. . . တို့က တစ်နေ့မှ တစ်ထပ်စားတာ မလိုက်နိုင်ဘူး၊ ဒါဖြင့် နက်ဖြန် ဆွမ်းဟင်း ဘုန်းပေးကြွပါဆိုတော့ ကိုယ်တော်က ဂတိပေးတာလည်း မဟုတ်ဘူး၊ ဒီအတိုင်းနေလိုက်တယ်၊ ကိုင်း. . . အိမ်မှာ ချက်ပြုတ်ပြီးသကာလ ထားတယ်၊ နက်ဖြန်ကျလာတော့ ရွှေတွေပုံပေါ့ဗျာ၊ ဟိုဘက်က ငွေတွေပုံ၊ ဖျာတွေနဲ့အုပ်ပေါ့ဗျာ၊ ပြီးတော့ သူ့အရင်တုန်းက၊ ငယ်ပေါင်းဖြစ်တဲ့ ခင်ပွန်းမတွေကိုလည်း ပြင်ဆင်ထားပေါ့ဗျာ။

## တံခါးတွေပိတ်ခိုင်းထားတယ်

တစ်ခါတည်း ကိုယ်တော်ကကြွလာ၊ တံခါးတွေကိုလည်း သူ့အစေခံတွေပြောထားတယ်၊ ဒီကိုယ်တော်အိမ်ပေါ်ရောက်လို့ရှိရင်၊ ငါသားအိမ်ပေါ်ရောက်လို့ရှိရင်၊ မင်းတို့ တံခါးတွေ အသေပိတ် . . . (မှန်ပါ့)၊ ခေါ်ယူထားမှာကိုး၊ ဒီလိုစိတ်ကူးတာ . . . (တင်ပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီးနေတော့ တစ်ခါတည်း၊ မနက်ကျတော့ကြွလာတာပဲ၊ ကြွလာတဲ့အခါကျလို့ရှိရင်ဖြင့်၊ ဒီရွှေပုံတွေ ဘယ့်နှယ်လုပ်မလဲ၊ ဒီငွေပုံတွေ ဘယ်နှယ်လုပ်မလဲ၊ ဟုတ်ဖူးလား။

သူ့ချွေးမတွေ ကျွန်မတွေကိုလည်း အားလုံးခိုင်းပေါ့ဗျာ ခြေထောက်ဆွဲကြဟဲ့၊ ဘာဆွဲကြဟဲ့ ခိုင်းတာပေါ့ဗျာ၊ အဲဒီလို ဆွဲပြီး၊ တံခါးတွေအပိတ်ခိုင်းတယ်။

ဒါနဲ့ ကိုယ်တော်ကြီးက ပြောရှာတယ်၊ ရဟန္တာကိုဗျာ ဘာလို့ချောက်ချားမလဲ၊ အဲဒါနဲ့ ဒကာကြီး ဆွမ်းကပ်မယ်လို့ပင့်တာဖြင့် ဆွမ်းကပ်မှုပဲ၊ ဆိုပြီးသကာလ၊ ဘယ်လိုမှ မရတော့ဘူး . . . (တင်ပါ့)။

## ဆွမ်းဘုန်းပေးပြီး ကောင်းကင်ကကြွသွားတယ်

ဒါနဲ့ ဆွမ်းကပ်တာနဲ့ ဆွမ်းဘုန်းပေးပြီးသကာလ၊ တစ်ခါတည်း ကောင်းကင်ကပဲ ကြွသွားတယ်၊ သူတံခါးပိတ်ထားမှန်းသိပြီကိုဗျ၊ ဒါနဲ့ ကောင်းကင်က ကြွသွားတော့ မတတ်နိုင်ဘူး လက်လျှော့လိုက်ရတယ်. . . လက်လျှော့လိုက်ရတယ်တဲ့။

ဒါနဲ့ ဘေးက လူတွေက အကုန်ကြည့်၊ အရင်က ခင်ပွန်းမဟောင်းတွေ၊ အကုန်လဲ ငိုပြီးသကာလ၊ နေရစ်ကျတာပေါ့ဗျ၊ အမေ အဖေတွေက အကုန်တက်ပြီး နေရစ်ကျတယ်။

## ဥယျာဉ်ထဲ ရှင်ဘုရင်ကြွလာတယ်

ဒါနဲ့ ကောရဗျမင်း ဥယျာဉ်ထဲရောက်သွားပြီး သကာလ ကောရဗျဥယျာဉ်ထဲရောက်သွားတော့ ကောရဗျဥယျာဉ်အစောင့်ကို ဟိုက ကောရဗျ ရှင်ဘုရင်ကလည်း တစ်ခါတည်း ယနေ့ငါ ဥယျာဉ်ထဲလာမယ်၊ အမှိုက်လှဲကျင်းပြီး အကုန်ထားရမယ်လို့ အမိန့်ထုတ်လိုက်တယ်၊ အမိန့်ထုတ်လိုက်တော့ အမှိုက်လှဲကျင်းထားတာက ကိစ္စမရှိဘူး။

ရဋ္ဌပါလ ရဟန္တာဒီရောက်နေတယ်လို့ သွားပြောဦးမှ တော်မယ်ဆိုပြီး သွားပြောတယ်၊ ဥယျာဉ်တော့ မရှင်းတော့ဘူး ရဟန္တာတစ်ပါး ရောက်နေတယ်။

## ရွှေပုံ၊ ငွေပုံစွန့်ပြီးရဟန်းဖြစ်တာ

အေး ရဟန္တာတစ်ပါး ရောက်ရောက်၊ မရောက် ရောက်ကွာ၊အခုငါပဲလိုက်ပြီး ကိုးကွယ်မှာပဲ၊ အဲဒီတော့ ရဋ္ဌပါလ ဆိုတာ အင်မတန် နာမည်ကြီးတာပဲ၊ ရွှေပုံ၊ ငွေပုံတွေ စွန့်ပြီး သူ ရဟန်းဖြစ်တာ. . . (မှန်ပါ့)။

လိုက်မှပဲဆိုပြီး သူလည်း တပ်ထောင်တာ ဗိုလ်ထုနဲ့ လူစုပြီး လိုက်လာတာပဲ၊ လိုက်လာပြီး မေးတာပဲ၊ အရှင်ဘုရား ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီပစ္စည်း ဥစ္စာရတနာတွေအပေါ်၊ ရုပ်ရည် ရူပကာကလည်း ငယ်လို့၊ ဘယ့်နှယ်ကြောင့် ရဟန်းဖြစ်ပါလိမ့်။

## ဇရာလွှတ်ရာရှာတာ

အို ငါသည်ကားလို့ ဆိုလို့ရှိရင်၊ ဇရာမရဏကြီး မြင်တာ နဲ့ ဇရာလွတ်ရာရှာတယ်ကွ၊ ဒီအတိုင်းဟောတာပဲ၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

အနာရှိနေတာနဲ့ အနာလွတ်ရာရှာတာပေါ့၊ အသေရှိ နေတာနဲ့ အသေလွတ်ရာရှာချင်လွန်းလို့၊ အိုမှ ရှာလို့ရှိရင်ဖြင့်တဲ့

အစားအသောက် အနေအထိုင် ခန္ဓာကိုယ်ငဲ့မှုတွေကြောင့် ပျိုပျိုရွယ်ရွယ်က ရှာတာကွ။

အင်း ကောရဗျ ရှင်ဘုရင်က သိပ်ကျေနပ်သွားတာပေါ့၊ အင်း ဒါဖြင့် အရိယာတို့၏ ရှာမှီးခြင်းက ဒီနည်းပါလားဘုရား ဆိုပြီးသကာလ၊ အကျယ်တဝင့် ဟောတယ်။

## နေကြီးထွက်ရင်ဝမ်းသာမနေနဲ့

မင်းတို့ ခန္ဓာကိုယ်ကြီးကို နေကြီးထွက်နေတာပါလား၊ မင်းတို့က နေကြီးထွက်လို့ရှိရင်၊ ဝမ်းသာမနေနဲ့တဲ့၊ မင်းတို့ သက်တမ်းကြီးဆွဲယူသွားပြီး၊ တစ်ရက်ပြုတ်ပြီတဲ့။

အဲဒါကြောင့် နေကြီးထွက်လာတိုင်း ထွက်လာတိုင်း၊ နေကြီးဟာ မင်းတို့ သက်တမ်းကို၊ သေရာသို့ ဆွဲပို့နေတာ၊ မင်းတို့ က နေထွက်လာ ဝမ်းသာမနေနဲ့၊ သေမင်း။

## မင်းသေဖို့နီးပြီလို့ သတိပေးတာ

မင်းသေဖို့နီးပြီလို့ လာပြီး သတိပေးတာ . . . (မှန်ပါ့)၊ နက်ဖြန်နေထွက်တာ ဘာလုပ်မှာတုံး . . (သေဖို့ရာနီးပြီ လို့ သတိပေးတာပါဘုရား)၊ မနေ့ကထက် နီးပြီဟေ့ မနေ့ကထက် နီးပြီးလို့ သတိပေးတာတဲ့။

အဲဒီလို ပြောလိုက်တာကိုးဗျ၊ နောက်ကျတော့ ဝေဒနာတွေ ဒကာကြီးပေါက်ရောက်လာလို့ ရှိရင်လည်း၊ ဒီဝေဒနာတွေက မင်းဆွေတွေမျိုးတွေနဲ့ ငယ်ငယ်ရွယ်ရွယ်လေးရယ်လို့ ကိုယ်က ဒီဝေဒနာတွေကို ဝေပေးနိုင်ရဲ့လားတဲ့. . . (မဝေပေးနိုင်ပါဘုရား)။

## ဝေဒနာချုပ်ရာငြိမ်းရာရှာမှပဲ

ကိုယ့်ဟာကိုယ်ခံပြီး၊ ကိုယ့်ဟာကိုယ်သေရုံပဲ၊ အဲဒီတော့ ကိုယ့်ကိုယ်လည်း ကိုးစားရာ အားထားရာမရှိဘူး၊ ဝေဒနာချုပ်ရာငြိမ်းရာရှာမှပဲ ဆိုပြီး ရှာတာပေါ့ အနာရှိနေလို့ အနာလွတ်ရာရှာတာ၊ ဒါ ရှေ့ပါလဟောပုံလေ . . . (တင်ပါ့)၊ ဒီပစ္စည်းတွေ သည်ကား ဆိုရင် ငါကိုယ်၊ ငါဟာ၊ ငါဥစ္စာမှမဟုတ်နိုင်တာတွေပဲတဲ့။

ကိုယ်သေသွားတယ်ဆိုရင် ကိုယ့်သားသမီးစားရမှာပဲ၊ ကိုယ်နောက် တစ်ခုမှ ပါစရာမရှိဘူးတဲ့၊ ကိုယ်သားသမီးကလည်း ထိုက်မှစားရမှာတဲ့၊ တော်ကြာ ရန်သူငါးပါးကလည်း ဝိုင်းနေတာ။

ဒါတွေက ကိုးစားရာ၊ အားထားရာမဟုတ်ဘူး၊ အမွဲတွေ မြင်တာနဲ့ အမွဲလွတ်ရာသွားရှာတာပဲဗျာ၊ ဒါတွေအမွဲတွေ မြင်တာနဲ့၊ အမွဲလွတ်ရာသွားရှာတာပဲ။

## ကျွန်တွင်းကလွတ်တဲ့နိဗ္ဗာန်ရှာ

ဒါတွင်မကသေးဘူးတဲ့ တစ်သက်လုံးနေ၊ တဏှာကျွန်ခံနေရမှာတဲ့၊ ဟ. . . ကျွန်အတွင်းက လွတ်ကင်းရာ ဘယ်နေရာရှိပါလိမ့်မလဲလို့ လိုက်ရှာတော့မှ၊ အခုကိုယ့်ကိုယ် ကျွန်မှန်းသိလို့ ကျွန်တွင်းက လွတ်တဲ့နိဗ္ဗာန်ရှာလို့ ကျုပ်ရဟန္တာဖြစ်လာတယ် သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ ရဟန္တာတွေရှာမှီးခြင်းအကြောင်း ကောင်းကောင်းသိပလား . . . (သိပါပြီဘုရား)၊ အဲဒါကြောင့် သူသည်ဘာနဲ့ ရဟန္တာဖြစ်တယ်ဆိုတာလည်း ခင်ဗျားတို့ ကောင်းကောင်းရိပ်မိပြီ . . . (ရိပ်မိပါပြီဘုရား)။

ဒါတွေသိမြင်ပြီး ဝိပရိဏာမ ဒုက္ခမြင်တာနဲ့ သာသနာဘောင်ဝင်ပြီး သကာလ၊ အဝိပရိဏာမ သုခဆိုတဲ့ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုရတာသည် ဒကာ ဒကာမတို့ အလိုလိုပြုတာလား၊ ဝိပရိဏာမ ဒုက္ခကြီးကို အပြစ်မြင်လို့လား. . . (ဝိပရိ ဏာမ ဒုက္ခကြီးကို အပြစ်မြင်လို့ပါဘုရား)။

## ဒီအပြစ်မြင်လို့ရဟန္တာဖြစ်သွားတာ

အဲဒီဟာ အပြစ်မြင်လို့ ဒုက္ခသစ္စာလည်း မြင်လိုက်ပါရောမဂ္ဂသစ္စာတစ်ခါတည်း ပေါ်ပြီး၊ အဝိပရိဏာမ နိရောဓကြီးအာရုံပြုတော့တာပဲ။

အဲဒါကြောင့် ရဟန္တာဖြစ်သွားတယ်ဆိုတော့ ကောရဗျမင်းကလည်း သိပ်ကျေနပ်ပြီး သူ့ပါ သာသနာဘောင်ဝင်ချင်တဲ့ စိတ် ပေါ်လာတယ်. . . ရိပ်မိပလား ဒကာ ဒကာမတို့. . . (ရိပ်မိပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ယနေ့တရားမှာ သတ္တုချလိုက်လို့ရှိရင်ဖြင့် အအိုရှိလျက်နဲ့ အအိုရှာတာသည် သားရေး သမီးရေး စီးပွားရေးသိပ်ဂရုစိုက်တာ။

အနာရှိလျက် အနာရှာတာကော . . . (သားရေး သမီးရေး စီးပွားရေး ဂရုစိုက်တာပါဘုရား)။

အသေရှိလျက်နဲ့ အသေရှာတာ ဘာပါလိမ့်. . . (သားရေး၊ သမီးရေး၊ စီးပွားရေး ဂရုစိုက်တာပါဘုရား)။

## မျောက်အနာရသလို

အေး ဒါတွေလိုက်နာနေတဲ့ ပုဂ္ဂိုလ်သည်ကား၊ ဆိုရင်ဖြင့် အအိုရှိလျက်နဲ့ အအိုရှာ၊ အနာရှိလျက်နဲ့ အနာရှာ၊ အသေရှိလျက်နဲ့ အသေရှာဆိုတော့ မျောက်အနာရသလိုဖြစ်နေတယ်။

မျောက်အနာရတော့ အနာကလေးက သေးသေးပဲ၊ သူကလက်ဆော့တော့၊ ဟိုကုတ်ဒီကုတ်နဲ့ အနာကြီးက ဘာဖြစ်လာသလဲ. . . (ကြီးလာပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေ အနာရှိလျက်နဲ့ အနာရှာ၊ ဆိုတော့ သံသရာကြီးဟာ အရှည်ကြီး ကြီးမနေဘူးလား . . . (နေပါတယ်ဘုရား)။

## အနာမြင်မှ၊ အနာပျောက်တာ သဘောကျမယ်

အဲဒါကြောင့် ဒကာ ဒကာမတို့ ဝိပရိဏာမ ဒုက္ခမြင်မှ အဝိပရိဏာမဆိုတဲ့ မဖောက်ပြန်တဲ့ နိဗ္ဗာန်ရမယ်ဆိုတော့ အနာမြင်မှ အနာပျောက်တာကို သဘောကျမယ်။

အနာမမြင်တဲ့ ပုဂ္ဂိုလ်သည် အနာပျောက်တာကို သဘောကျနိုင်ပါ့မလား. . . (မကျနိုင်ပါဘုရား)။

## နိဗ္ဗာန်သေသေချာချာရမယ်

ဒါဖြင့် ကိုယ့်ကိုယ်မှာ အနာပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ဝေဒနာသုံးခု အနာတွေချည်းပဲ ကြည့်ပါ ဝိပရိဏာမ ဒုက္ခရောက်အောင်ကြည့်လိုက်လို့ရှိရင် အဝိပရိဏာမ နိရောဓ နိဗ္ဗာန်သေသေချာချာရတယ်၊ သဘောကျပလား. . . (သဘောကျပါပြီ)။

ကဲ. . . ယနေ့ ဒီတွင်တော်ကြစို့
သာဓု. . . သာဓု. . . သာဓု။